# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လဆန်း (၆) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE)သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သောသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ညှိခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်းတိုက်ရိုက်ပျံသန်းမှုများတိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် အခြားကဏ္ဍများတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**







**မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)– ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄






ရတနာပုံ

၂၀၂၄ ခုနှစ် ဇွန် ၁၂ ရက်

အယ်ဒီတာ့အာဘော်

# လူမှုစီးပွားဘဝမြင့်မားလာစေမည့် ပဲခူးမြစ်ကူးတံတားသစ်ကြီး

မြန်မာနိုင်ငံတစ်ဝန်းတွင် အေးအတူပူအမျှလက်တွဲပြီး မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးလှပေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရေးအတွက် ပထဝီအနေအထားအရ သဘာဝအတားအဆီးဖြစ်သည့်နေရာများတွင် တံတားများတည်ဆောက်ပေးခြင်း၊ လမ်းများကိုရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်းနှင့်အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃)ကို အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့သဖြင့် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

**"ယနေ့သည် မြန်မာပြည်သူလူထု၏ လူမှုစီးပွားဘဝပိုမိုမြင့်မားလာစေရေးအတွက် အရေးပါသည့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃)ကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့်ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာပြည်သူများအားလုံးအတွက်ပါ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့တို့ကို ဆက်သွယ်ထားသည့် အရှည် ၈၆၃၈ ပေရှိသည့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) လေးလမ်းသွားတံတားသစ်ကြီးကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) မှ သက်သာသည့်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတံတားကို အခြားတံတားဒီဇိုင်းများနှင့်မတူစေဘဲ ရန်ကုန်မြို့၏အထင်ကရအမှတ်အသား(Landmark)ဖြစ်စေရန်အတွက် သံမဏိကြိုးဆိုင်းတံတား(Cable Stayed Bridge)ဖြင့် နိုင်ခံ့လှပထည်ဝါစွာတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း"**အဆိုပါတံတားဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) လေးလမ်းသွားတံတားသစ်ကြီးကို ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် သန်လျင်တံတားအမှတ်(၁)တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်တော့မည်ဖြစ်သည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်ကိုအကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများတိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) လေးလမ်းသွားတံတားသစ်ကြီးဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝသာမက အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းလာပြီး ခရီးသွားပြည်သူများလွယ်ကူစွာ၊ လျင်မြန်စွာဖြတ်သန်းသွားလာနိုင်ပြီဖြစ်ပေသည်။ ထို့ကြောင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက ကြံ့ခိုင်ရေးကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာပြီး ရေရှည်မျှော်မှန်းကာ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်သွားမည်



ယခင်ဖွင့်လှစ်ခဲ့သည့် အခြေခံငါးမွေးမြူရေးသင်တန်းကို တွေ့ရစဉ်။

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်း သင်တန်းကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးမြူသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေပြီး ငါးမွေးမြူသူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေရေး၊ ငါးအစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက်ထုတ်လုပ်နိုင်စေရေးကို အဓိကထားရည်ရွယ်၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် ဇွန်လနောက်ဆုံးပတ်၌ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ဦးရေ ၂၀ မှ ၂၅ ဦးထိ လက်ခံကာ စာတွေ့၊ လက်တွေ့နည်းများဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့သူတွေကို သင်တန်းဖွင့်လှစ်ပေးသွားမှာပါ။ ငါးမွေးမြူသူတွေ စနစ်တကျမွေးမြူနိုင်စေဖို့အတွက် သင်တန်းဖွင့်လှစ်ပေးတာပါ။ သင်တန်းကိုတော့ ဇွန်လနောက်ဆုံးပတ်ထဲမှာ ဖွင့်လှစ်ပေးသွားမှာပါ။ နှစ်ရက်ကြာသင်တန်းပါ။ ငါးလုပ်ငန်းစခန်းက ပညာရှင်တွေက သင်ကြားပေးသွားမှာပါ။ အခုလို သင်တန်းတွေဖွင့်လှစ်ပေးတာကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့ အကျိုးကျေးဇူးတွေရရှိမှာပါ။ ငါးမွေးမြူသူတွေလဲ တိုးပွားလာမှာပါ။ ငါးမွေးမြူတဲ့အခါမှာ လိုအပ်တဲ့ အကြံဉာဏ်တွေကိုလဲ ပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး မြို့နယ်ခြောက်မြို့နယ်တွင် ဆီသယ်ယာဉ်များ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးအရေးယူမည်ဟုဆို

**မန္တလေး ဇွန် ၁၁**

မန္တလေး မြို့နယ် ခြောက်မြို့နယ်တွင် ဆီသယ်ယာဉ်များ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိ ယခုလအတွင်း ရှောင်တခင်စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်အတွင်း ယခုလက်ရှိ စက်သုံးဆီအမျိုးမျိုးကို တင်ဆောင်သွားလာနေသည့် ဆီသယ်ယာဉ်များ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေး စည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်အတွင်း စက်သုံးဆီတွေကို တင်ဆောင်ပြီး သွားလာနေတဲ့ ဆီသယ်ယာဉ်တွေ အနေနဲ့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်အောင် ရပ်နားတာတွေ၊ ယာဉ်နှစ်ထပ် ရပ်နားထားတာတွေအပြင် လမ်းပိတ်ဆို့ရပ်နားတာတွေ စတဲ့ စည်းကမ်း သတ်မှတ်ချက်တွေ ဖောက်ဖျက်မှု ရှိ၊ မရှိကို အခုလကစပြီး ရှောင်တခင်စစ်ဆေးအရေးယူမှုလုပ်ငန်းတွေ လုပ်ဆောင်သွားမှာပါ"ဟု ဦးရဲထွန်းကပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းရှိ ဆီတင်သင်္ဘောများပေါ်မှ စက်သုံးဆီများကို ဆီသယ်ယာဉ်များဖြင့် လာရောက်သယ်ယူပြီး မန္တလေးမြို့အတွင်း ဖြန့်ဖြူးမှုများရှိကြောင်း၊ အဆိုပါစက်သုံးဆီသယ်ယူ ပို့ဆောင်ပေးနေသည့် စက်သုံးဆီတင် ဆီသယ်ယာဉ်များအနေဖြင့် မန္တလေးစည်ပင်နယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်အတွင်း အကြောင်းမဲ့ရပ်နားခြင်းများကို ခွင့်ပြုသွားမည်မဟုတ်ဘဲ ယခုလအတွင်း ရှောင်တခင်စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့မှာ သွားလာနေတဲ့ ဆီသယ်ယာဉ်တွေအနေနဲ့ စက်ပိုင်းဆိုင်ရာချို့ယွင်းလို့ လမ်းဘေးမှာ ခေတ္တရပ်နားထားတာမျိုးကိုတော့ ခွင့်ပြုထားပါတယ်။ အကြောင်းမရှိဘဲ လမ်းပိတ်ဆို့တဲ့ထိ အချိန်အကြာကြီး ရပ်နားထားတဲ့ ယာဉ်တွေကို သတ်မှတ်ထားတဲ့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို လိုက်နာမှုမရှိရင်တော့ အရေးယူမှုတွေလုပ်သွားမှာပါ"ဟု ဦးရဲထွန်းက ဆက်လက်ပြောပြသည်။

ထိုသို့ပူးပေါင်းအဖွဲ့ဖြင့် ရှောင်တခင်စစ်ဆေးရာတွင် စည်းကမ်းဖောက်ဖျက်မှုများကို တွေ့ရှိပါက ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်တွင် ဇွန်လဒုတိယပတ်အတွင်း သကြား အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၁**

မန္တလေးဈေးကွက်တွင် ဇွန်လဒုတိယပတ်အတွင်း သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

သကြားကို ပြည်ပနိုင်ငံဖြစ်သည့် တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှကုန်သည်များက သကြားဝယ်ယူမှုပြန်လည်များပြားလာသည့်အပြင် ပြည်တွင်း ဈေးကွက်အတွင်း၌ပါ သကြားဝယ်လိုအား များပြားလာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ ပြည်တွင်းမန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်"ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"သကြားက အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်စည်လက်ကျန်နည်းပါးသွားတာမျိုးတွေတော့ မရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအဝယ် ထပ်ကောင်းလာရင် သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ နည်းသွားနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝေါမြို့နယ် မြောက်ကျောက်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းပြုလုပ်

**ဝေါ ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သပြေကန်ကျေးရွာအုပ်စု မြောက်ကျောက်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက မြောက်ကျောက်ဝန်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်ခွင့်ရရှိနိုင်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ အရည်အချင်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြောက်ကျောက်ဝန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေကျပ် ၃၀၀ သိန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဖခင်-ဦးကျော်သောင်း၊ မိခင်-ဒေါ်မြရီတို့အား ရည်စူး၍ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ သား၊ သမီး၊ မြေးတစ်စုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏ္ဍိဓောတရေ ဦးစိုးလင်းနှင့် ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း အုန်းသီးအနု အလုံးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဒေသထွက် အုန်းသီးအနု အလုံးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက အုန်းသီးအနုအလုံးရေ ၃၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း အုန်းသီးအနုအလုံးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၈၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က မေလထဲမှာ အုန်းသီးအနုတွေ ဝယ်ယူအား ကောင်းခဲ့ပါတယ်။ မေလထဲမှာ အုန်းသီးအနုအလုံးရေ အနေနဲ့ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဇွန်လထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူအား ကောင်းနေပါတယ်။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်လိုအား ကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကိုရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ အုန်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်ရရှိပြီးအဆင်ပြေနေကြောင်း အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ငွေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ငွေသောင်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၉ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငွေသောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၉ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဧင်မာ**

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ဧက ၁၀၉၇၅၀ ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆောင်းနှမ်းဧက ၁၀၉၇၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆောင်းနှမ်းစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နှမ်းဧက ၁၀၉၇၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကန့်ဘလူခရိုင်အတွင်း ဆောင်းနှမ်းဧက ၁၀၉၇၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဆောင်းနှမ်းစိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းကပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် ဆောင်းနှမ်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၉၅၇၁၅ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၄၀၃၅ ဧက စုစုပေါင်း ဧက ၁၀၉၇၅၀ ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# စစ်ဒဏ်သင့်ခဲ့သည့် မြနန်းစံကျော်ရွှေနန်းတော်

မောင်သာ(ရွှေဟောင်းသုတေသန)

ရတနာပုံခေတ်တွင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည့် မန္တလေးမြို့သည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ခံခဲ့ရသဖြင့် များစွာသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးခဲ့သည်။ အထူးသဖြင့် မန္တလေးနန်းတော်ဝင်းအတွင်းသို့ မဟာမိတ်တပ်များက ဗုံးကြဲခဲ့ချိန်တွင် နန်းတွင်းအဆောက်အအုံများအားလုံးနီးပါးသည် မီးလောင်ပျက်စီးခဲ့ရပေသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဂျပန်များသည် တနင်္သာရီကမ်းမြောင်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သည်။ ဂျပန်တို့သည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် မန္တလေးမြို့ကို ပထမဆုံး လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး ၁၉၄၂ ခုနှစ် မေ ၁ ရက်တွင် ဒုတိယဗိုလ်ချုပ်ကြီး ရှိုဂျီရိုအီဒါ ဦးဆောင်သည့် အမှတ်(၁၅)ဂျပန်တပ်မတော်က မန္တလေးမြို့ကို သိမ်းပိုက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် မဟာမိတ်တပ်များနှင့်ဂျပန်တပ်များ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ရာမှစ၍ ဗြိတိသျှလေတပ်နှင့် အမေရိကန်လေတပ်တို့ပါဝင်သည့် မဟာမိတ်တပ်များသည် ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်တွင် ဂျပန်များတပ်စွဲထားသည့် မန္တလေးနန်းတွင်းသို့ ဗုံးများကြဲချခဲ့ရာ နန်းတွင်းတစ်ခုလုံး မီးလောင်ကျွမ်းခဲ့သည်။

၁၉၀၈ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဗြိတိသျှအစိုးရ၏ကြေညာချက်တွင် ပါရှိသည့် ကာကွယ်စောင့်ရှောက်ရမည့် ရှေးဟောင်းအဆောက်အအုံ ၄၂ ခုစာရင်းတွင် မန္တလေးမြို့မှ ခုနစ်ခုပါဝင်ခဲ့ရာ ၎င်းတို့သည် တိုက်တော်ကျောင်း၊ မြတောင်ကျောင်း၊ စလင်းကျောင်း၊ ရွှေနန်းတော်ကျောင်း၊ သုဓမ္မာကျောင်း၊ အတုမရှိကျောင်း၊ မြနန်းစံကျော်ရွှေနန်းတော်နှင့် နန်းတွင်းမှ ပြာသာဒ်အဆောက်အအုံများဖြစ်သည်။ ၎င်းတို့အနက် သီပေါမင်းက နန်းတော်ဝင်းပြင်ပသို့ ပြောင်းရွှေ့ခဲ့သည့် ရွှေနန်းတော်ကျောင်းမှလွဲ၍ ကျန်အဆောက်အအုံများသည် မီးသင့်ကာ ပျက်စီးပျောက်ကွယ်သွားခဲ့သည်။

"အောင်ကျော်ချမ်းအေး၊ မန္တလေး"ဟု အမှတ်အသားပြုသည့် သက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် မင်းတုန်းမင်းသည် ရတနာပုံမန္တလေးမြို့ကို တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ "အင်းဂလိပ်တက်၊ မန်းမြို့ပျက်" ဟု အမှတ်အသားပြုသည့် သက္ကရာဇ် ၁၂၄၇ ခုနှစ် (၁၈၈၅ ခုနှစ်)ထိ ရတနာပုံမန္တလေးမြို့၌ မြန်မာ့ဗိသုကာလက်ရာ အဆောက်အအုံများစွာကို တည်ဆောက်ခဲ့သည်။

အဆိုပါအဆောက်အအုံများသည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်း ၆၀ ကြာတိုင် တည်ရှိခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေသည့်ကာလဖြစ်သည့် ၁၉၄၅ ခုနှစ်တွင် စစ်၏အနိဋ္ဌာရုံတစ်ရပ်အဖြစ် ပျက်စီးပျောက်ကွယ်သွားခဲ့ရာ မန္တလေးနန်းတော်ဝင်းအတွင်းမှ မြနန်းစံကျော်ရွှေနန်းတော်လည်း ပါဝင်ခဲ့ပေသည်။

**အမရပူရရွှေနန်းမှ မြနန်းစံကျော်သို့**

ကုန်းဘောင်ဆက် အဋ္ဌမမြောက်ဘုရင် သာယာဝတီမင်း(သက္ကရာဇ် ၁၈၃၇-၁၈၄၆)သည် အင်းဝ၌ နန်းစိုက်ပြီး တစ်နှစ်အကြာတွင် အမရပူရမြို့ကို တည်ထောင်၍ အမရပူရ၌ ရွှေနန်းတော်ကြီးကိုတည်ဆောက်ခဲ့ရာ ၁၈၄၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ သာယာဝတီမင်းသည် အမရပူရနန်းမြို့တော်ကို အောင်မြေစံရာဟုလည်းကောင်း၊ ရွှေနန်းပြာသာဒ်ကြီးကို ရွှေနန်းသာစံဟုလည်းကောင်း အမည်ပေးသည်။ သာယာဝတီမင်းနောက်တွင် ပုဂံမင်းနှင့် မင်းတုန်းမင်းတို့သည် ထိုရွှေနန်းတော်၌ပင် နန်းစံခဲ့ကြသည်။ သို့သော် မင်းတုန်းမင်းသည် အမရပူရ၌ ၁၈၅၃ ခုနှစ်တွင် နန်းစံခဲ့ပြီး လေးနှစ်အကြာတွင် ရတနာပုံနန်းမြို့သစ်ကို တည်ထောင်ခဲ့သည်။

နောင်တွင် မန္တလေးဟုထင်ရှားလာမည့် ရတနာပုံနန်းမြို့သစ်သည် အရှေ့ဘက်တွင် နယ်ထိပ်တာရိုး၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် ဒုဋ္ဌဝတီမြစ်နှင့် မြောက်ဘက်တွင် မတ္တရာမြစ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ မြို့ကွက်အဝန်းအဝိုင်းအတွင်း၌ နန်းတော်နေရာကို မင်းတုန်းမင်းကိုယ်တိုင် ရွေးချယ်သတ်မှတ်ပြီး သက္ကရာဇ် ၁၂၁၉ ခုနှစ် နတ်တော်လဆန်း ၁၂ ရက် (၁၈၅၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်) သောကြာနေ့တွင် မျဉ်းကြိုးခင်း၍ ပန္နက်တိုင်စိုက်ခဲ့သည်။

ရတနာပုံမြို့တော်နှင့် နန်းတော်ကို တည်ဆောက်ခဲ့ပြီး ၁၈၅၈ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့သည် ရတနာထမ်းစင်စီးကာ နန်းမြို့ကိုလှည့်လည်ပြီး ရွှေနန်းတော်သို့ မြေနန်းတော်ဦးလှေကားမှဝင်ရောက်၍ ထီးနန်းစံမြန်းခဲ့သည်။




မင်းတုန်းမင်းကြီးတည်ထောင်သည့် ရွှေနန်းတော်သည် အလွန်ကြီးကျယ်ခမ်းနားခဲ့ကာ နန်းအရှေ့ပိုင်းတွင် မင်းခမ်းတော်ဆောင် ၃၂ ဆောင်၊ အနောက်ပိုင်းတွင် မင်းခမ်းတော်ဆောင် လေးဆောင်၊ မိဖုရားဆောင်ကြီး၊ ငယ် ၇၈ ဆောင် စုစုပေါင်း အဆောင် ၁၁၄ ဆောင်ရှိခဲ့သည်။ အဆောင်တော်များဆောက်လုပ်ပြီးနောက် မင်းတုန်းမင်းသည် နန်းမြို့ကို လေးကျွန်းအောင်မြေဟုလည်းကောင်း၊ ရွှေနန်းတော်ကို မြနန်းစံကျော်ဟုလည်းကောင်း အမည်မှည့်ခေါ်ခဲ့သည်။

မင်းတုန်းမင်းနတ်ရွာစံပြီးနောက်ပိုင်း၌ သားတော်သီပေါမင်းသည် နန်းမြင့်ဆောင်ကန်ငယ်အုတ်တိုက်၊ သီပေါမင်းအုတ်တိုက်၊ တောင်ပန်းခုံတော်အုတ်တိုက်၊ အနောက်ဘက်မင်းခမ်းတော်များမှ အနောက်ပွဲတက်ဆောင်များကို ဆောက်လုပ်ခဲ့သည်။ သီပေါမင်းသည် မင်းတုန်းမင်း နတ်ရွာစံခဲ့သော မှန်နန်းဆောင်နှင့် ကပ်လျက်ရှိသည့် ရွှေနန်းဆောင်ကို ဖျက်သိမ်းပြီး မန္တလေးတောင်ခြေတွင် မူလလက်ရာအတိုင်း ပြန်လည်တည်ဆောက်ခဲ့သည်။

ရတနာပုံမြို့တော်ကို သာသနာတော်နှစ် ၂၄၀၀ အထိမ်းအမှတ်အဖြစ် မြို့ရိုးအရှည်တာ ၂၄၀၀ ရှိစေရန် မြို့ရိုးတစ်ဖက်စီကို တစ်ပြလျှင် တာ ၅၀ ရှိသည့် ပြ ၁၂ ပြ(တာ ၆၀၀) အညီအမျှပြုလုပ်ခဲ့သည်။ တစ်တာလျှင် ခုနစ်တောင်၊ သံတောင်တစ်တောင်လျှင် ၁၉ လက်မစံနှုန်းဖြင့် တွက်ချက်လျှင် မြို့ရိုးလေးဖက်အရှည်သည် ၅ ဒသမ ၀၃ မိုင်ရှိသည်။ အရှေ့အနောက် ၁၂ ပြ၊ တောင်မြောက် ၁၂ ပြရှိသဖြင့် ရွှေမြို့တော်တွင် ပြ ၁၄၄ ကွက်ရှိခဲ့ပြီး နန်းမြို့တော်ကို ဗဟို ၁၆ ကွက်အတွင်း၌ တည်ဆောက်ခဲ့သည်။ နန်းမြို့ပတ်လည်ရှိ ပြ ၁၂၈ ကွက်တွင် မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးသူကြွယ်များနေထိုင်ခဲ့ကြပြီး မြို့တော်လေးပြင်လေးရပ်တွင် ပြည်သူများနေထိုင်သည့် အကွက် ၅၄ ကွက်ရှိခဲ့သည်။ မန္တလေးနန်းမြို့ရိုးသည် မျက်မှောက်ခေတ်အတိုင်းအတာအရ အရှေ့အနောက် တစ်မိုင်နှစ်ဖာလုံရှိ၍ တောင်မြောက် တစ်မိုင်နှစ်ဖာလုံ ၈၈ ကိုက်ရှိနေကာ စတုရန်းပုံအတိအကျမဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

**ဘုရင့်ရွှေနန်းတော်**

နန်းမြို့၏အလယ်ဗဟို၌ ဘုရင်နန်းစံမည့် ရွှေနန်းတော်ကို ၁၁ ပေမြင့်သည့် အုတ်ခုံပေါ်တွင် တည်ဆောက်ထားကာ အရှေ့အနောက် ၁၀၀၄ ပေ၊ တောင်မြောက် ၅၇၄ ပေရှည်လျားသည်။ ရွှေနန်းတော်ပတ်လည်ကို သစ်တပ်ဖြင့်ကာရံထားပြီး သစ်တပ်မှအတွင်းသို့ ၁၀ ပေအကွာ၌ ၁၈ တောင်(၂၇ ပေ) မြင့်သည့် အုတ်မြို့ရိုးတစ်ထပ် ကာရံထားသည်။ မြို့ရိုးတစ်ဖက်တွင် တံခါးသုံးရပ်စီပြုလုပ်ထားသဖြင့် နန်းမြို့ရိုးတွင် တံခါး ၁၂ ပေါက်ရှိသည်။ မြို့ရိုးတစ်လျှောက်၌ တံခါး ၁၂ ပေါက်၊ ပြကြီး ၁၆ ခု၊ ပြငယ် ၃၂ ခု ရှိပြီး ပြကြီး၊ ပြငယ် ၄၈ ခုပေါ်တွင် ပြာသာဒ်တန်ဆောင်း ၄၈ ဆောင် ဆောက်လုပ်ခဲ့သည်။

ရွှေနန်းတော်၏ အရှေ့မျက်နှာစာတွင် နန်းတော်အတွင်းသို့ ဘုရင်နှင့် မိဖုရားဝင်ထွက်တက်ရောက်သည့် မင်းလှေကားသုံးစင်းရှိသည်။ မင်းလှေကားထိပ်တွင် ညီလာခံသဘင်ကျင်းပသည့်အခါ မင်းသားကြီးငယ်များ၊ မင်းမှူး၊ နာခံတော်၊ သံတော်ဆင့်၊ နာရီတော်မှူးနှင့် သွေးသောက်ကြီးတို့ ခစားကြသည့် အရှေ့စမုတ်ဆောင်ရှိသည်။ မြေနန်းပြာသာဒ်နှင့် အရှေ့စမုတ်ဆောင်ကြား၌ မြေနန်းစနုဆောင်ရှိသည်။ ညီလာခံသဘင်တွင် လက်ဝဲစစ်သူကြီး၊ လက်ယာစစ်သူကြီးနှင့် စော်ဘွားများသည် ဘုရင်မင်းမြတ်ကို မြေနန်းစနုဆောင်မှခစားကြရသည်။ လက်ဝဲမြေနန်းပွဲတက်ဆောင်နှင့် လက်ယာမြေနန်းပွဲတက်ဆောင်တို့သည် အရှေ့စမုတ်ဆောင်နှင့်ဆက်လျက်တည်ရှိသည်။

မြေနန်းစနုဆောင်၏ အနောက်ဘက်ကပ်လျက်တွင် ရွှေနန်းတော်၏ အဓိကအဆောင်ဖြစ်သည့် မြေနန်းပြာသာဒ်ဆောင်ရှိပြီး ဘုံခုနစ်ဆင့်၊ အမြင့် ၂၀၇ ပေရှိသည်။ မြေနန်းပြာသာဒ်အလယ်တွင် သီဟာသနပလ္လင်ကိုထားရှိပြီး ပလ္လင်တော်အောက်ခြေကို ဗုဒ္ဓဘုရားရှင်ပွင့်တော်မူသည့် အိန္ဒိယနိုင်ငံမှ မြတ်သောမြေနေရာများဖြစ်သည့် ဗာရာဏသီ၊ ဝေသာလီ၊ သာဝတ္ထိ စသောနေရာ ၁၂ ခုမှ မင်္ဂလာရှိသောမြေကြီးများကို မြန်မာနိုင်ငံမှ သန့်စင်သောမြေများနှင့်ရောစပ်ကာ ကွန်းစင်တိုင်လေးတိုင်အလယ်တွင် ဖို့ခဲ့သည်။ ထို့နောက် မြေနီသရွတ်ကိုင်၍ အုတ်အင်္ဂတေတို့ဖြင့် ပလ္လင်ခုံပြုလုပ်ခဲ့သည်။

မြေနန်းပြာသာဒ်တစ်ဆောင်လုံးကို ရွှေပိန်းချထားကာ မင်းမိဖုရားနှစ်ပါးသည် မြေနန်းပြာသာဒ်တော်ကြီး၌ ဝါဝင်နှင့် ဝါထွက်ကာလတွင် ကန်တော့ခံလေ့ရှိသည်။ ပြာသာဒ်တော်ကြီး၏ အတွင်း၌ နောက်ခန်းကြမ်းမြင့်၏ အနောက်မြောက်ထောင့်တွင် အိမ်တွင်းမင်းမဟာဂီရိနတ်ကွန်းရှိသည်။ တစ်ပင်တိုင်ခန်းတွင် အမိုးသုံးဆင့်ပြာသာဒ်ပါရှိသည်။ နတ်ကွန်းတွင် မဟာဂီရိကို ရွှေချထားသည့် အုန်းပွဲငှက်ပျောပွဲ၊ ဖျင်ဖြူ၊ ဖျင်နီ၊ နီးခေါက်၊ အချိုပွဲနှင့် ရွှေချထားသည့် ဖယောင်းတိုင်များဖြင့် ပူဇော်ကြသည်။

မြေနန်းပြာသာဒ်၏ ဝဲယာနှစ်ဖက်တွင် ဖွင့်နိုင်ပိတ်နိုင်သော ကဲလားကြီးသုံးခုစီရှိသည်။ ရှည်လျားသော ကဲလားကြီးများကိုဖွင့်ထားချိန်တွင် ကဲလားကြီးများ၏ထိပ်စွန်းကို ရွှေပိန်းချသစ်သားထောက်ထိုင်နှစ်ခုဖြင့် ထောက်ထားသည်။ မင်းခမ်းမင်းနားများကျင်းပချိန်တွင် ကဲလားကြီးများကိုဖွင့်လျက် ဝဲဘက်တွင် မြန်မာအငြိမ့်သဘင်၊ ယာဘက်တွင် မွန်အငြိမ့်သဘင်များဖြင့် သီဆိုတီးမှုတ်ကခုန်ဖျော်ဖြေခဲ့ကြသည်။

မြေနန်းပြာသာဒ်၏ အနောက်ဘက်တွင် ဗုဒ္ဓဘုရားရှင်သီတင်းသုံးတော်မူခဲ့သည့် ဇေတဝန်ကျောင်းတော်ပုံစံအတိုင်း တည်ဆောက်ထားသည့် ဇေတဝန်ဆောင်ရှိသည်။ ဇေတဝန်ဆောင်တွင် ဟံသာသနပလ္လင်တော်ကိုထားရှိပြီး ဇေတဝန်ဆောင်၏ မြောက်ဘက်တွင် ဂဇာသနပလ္လင်တော်ထားရှိသည့် ဖြတိုက်ဆောင်ရှိသည်။ ဇေတဝန်ဆောင်၏တောင်ဘက်တွင် လေသာဆောင်ရှိပြီး သင်္ခါသနပလ္လင်ထားရှိသည်။ လေသာဆောင်ကို ကွမ်းရေတော်ဆောင်၊ ပရိတ်နာဆက်ဆောင်ဟုလည်း ခေါ်ကြသည်။ တောင်ဘက်မင်းတက်လှေကားအနီးတွင် မိဂါသနပလ္လင်ထားရှိသော တောင်စမုတ်ဆောင်ရှိပြီး မြောက်စမုတ်ဆောင်တွင် မယူရာသနပလ္လင်တော်ကိုထားရှိသည်။ အနောက်စမုတ်ဆောင်၏ အရှေ့ဘက်ရှိ အနောက်ဇေတဝန်ဆောင်တွင် ပဒုမာသနပလ္လင်ကို ထားရှိသည်။

နန်းခုံ၏အလယ်ရှိ မှန်နန်းဆောင်ကြီးသည် နန်းတော်အတွင်းရှိ အဆောင်များအနက် မြေနန်းပြာသာဒ်မှလွဲလျှင် အကြီးဆုံးနှင့်အမြင့်ဆုံးနန်းဆောင်ဖြစ်သည်။ ထိုအဆောင်တွင် ဘမယာသနပလ္လင်ထားရှိကာ ထီးဖြူများစိုက်ထူထားသည်။ နန်းဆောင်များ၏ အမည်နာမများကို ကောင်းမွန်သောအဓိပ္ပာယ်များဖော်ဆောင်မှည့်ခေါ်ထားသကဲ့သို့ ပလ္လင်တော်များကိုလည်း ဆန်းပြားခမ်းနားစွာထုလုပ်၍ သက်ဆိုင်ရာအဆောင်အသီးသီးတွင် နေရာချထားခဲ့သည်။ မင်းခမ်းမင်းနားက ကြီးကျယ်ခမ်းနားသည်နှင့်အမျှ အဆောင်တော်များ၊ ဝတ်စားဆင်ယင်ပုံများ၊ အသုံးအဆောင်များသည်လည်း တော်ဝင်နန်းသုံးများအဖြစ် ခံ့ညားခဲ့ပေသည်။

ရတနာပုံမန္တလေးမြို့သည် မြို့တည်ရန် စတင်မြေတူးခဲ့သည့် ၁၈၅၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ သီပေါမင်းပါတော်မူသည့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်ထိ ၂၈ နှစ်တိတိသာတည်တံ့ခဲ့ပြီး နယ်ချဲ့တို့၏သိမ်းပိုက်ခြင်းကိုခံခဲ့ရကာ ဘုရင်နှစ်ပါးနန်းစံခဲ့သည့် နန်းတော်သည် ရွှေမှန်ကင်းမဲ့ ထင်းဖြစ်ခဲ့ရပေသည်။

ဗြိတိသျှတို့သည် မန္တလေးနန်းတော်ကို သိမ်းပိုက်ပြီးနောက် နန်းတော်ဝင်းကို ဒပ်ဖလင်ခံတပ် (Fort Dufferin)ဟု ပြောင်းလဲကာ နန်းတော်အဆောင်များကို စစ်တန်းလျားများအဖြစ်အသုံးပြုခဲ့၍ မင်းခမ်းတော်ဝင်ပစ္စည်းများသည် များစွာပျက်စီးဆုံးရှုံးခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာချိန်တွင် ရွှေနန်းတော်အဆောင်များ၊ အခန်းများသည် ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ကြသည်။

မဝေးကွာလှသေးသည့်ကာလက မြန်မာဘုရင်များကိုယ့်ထီးကိုယ်နန်းကိုယ့်ကြငှန်းနှင့် စံမြန်းအုပ်ချုပ်ကာလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ခဲ့သော အထောက်အထားတစ်ရပ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကို ပေပုရပိုက်မှတ်တမ်းများ၊ အင်္ဂလိပ်-မြန်မာမှတ်တမ်းများ၊ သမိုင်းအထောက်များကို ညှိနှိုင်းပြီး မြန်မာနိုင်ငံကို နောက်ဆုံးအုပ်ချုပ်ခဲ့သည့် သီပေါမင်းလက်ထက်တော်တွင်ရှိခဲ့သည့် ပုံစံအတိုင်း ရှေးမူမပျက် ပြန်လည်တည်ဆောက်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၀၀၇ ဧက ရိတ်သိမ်းပြီးစီး

**မင်းကင်း ဇွန် ၁၁**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၃၀၀၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမတ်ပဲများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၀၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၀၁ တင်းထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၃၀၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ မတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၂၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၀၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် မတ်ပဲ သီးနှံ အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)

## မိမိသည်သာ အားကိုးရာ

- လူ့ဘဝကို ရောက်လာကြ<br>တွေ့ကြုံရ ဒုက္ခတွေ၊<br>ကိုယ်တိုင်သာ ဖြတ်ကျော်လွှား<br>ကြိုးစားကာနေ၊<br>မိမိဘဝ မိမိအခြေ<br>တိုးတက်စေ ရင်ဆိုင်ရှင်း၊<br>ဉာဏကို လွှာ၍သုံး<br>ရှုန်းကန်စေမင်း။

- ကျရှုံးလျှင် စိတ်မညစ်နဲ့<br>အားအင်သစ် မွေးမြူပါ၊<br>လူဆိုတာ အမှားမကင်း<br>မင်းသိထားကွာ၊<br>တစ်ကြိမ်မက အကြိမ်များစွာ<br>ကြိုးစားကာ ရှေ့ဆက်၊<br>ရည်ရွယ်ရာ ပန်းတိုင်ခရီး<br>နီး၍လာလျက်။

- လူတိုင်းကို အမုန်းမဖက်<br>အပြုံးမပျက် မေတ္တာဝင်၊<br>ကိုယ်ချင်းစာ နှလုံးသားနှင့်<br>စိတ်ထားဖြူစင်၊<br>ရိုးသားလို့ ကြိုးစားအစဉ်<br>ဘဝတွင် အောင်မြင်ရေး၊<br>မိမိကိုယ် အဖော်ပြု<br>ထူဆစ်ကြိုးပေး။ ။

**ချစ်သက်(မြန်မာစာ)**

➤ **စာမျက်နှာ ၄ မှ အဆက်**

ထို့ကြောင့် မြန်မာလူမျိုးတို့၏ ထီးမွေနန်းမွေ မြနန်းစံကျော်ရွှေနန်းတော်အဆောက်အအုံနှင့် အခြားနန်းဆောင်အဆောက်အအုံများကို ပုံစံတူပြန်လည်တည်ဆောက်ရန် ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပန္နက်တင်ခဲ့သည်။ မြို့ထောင့်ပြာသာဒ်တော် လေးခု၊ မြောက်ဘက်ထွက်ပေါက်လေးသိန်းတံခါးနှင့် အရှေ့ဘက်ထွက်ပေါက်ဦးထိပ်တံခါးတို့ကို မူလပုံစံအတိုင်း ဘုံခုနစ်ဆင့်ပြာသာဒ်များဖြင့် ပြန်လည်တည်ဆောက်ခဲ့သည်။ မြို့ရိုးပေါ်မှ ပြကြီးပြငယ် ၄၈ ခုတွင် မူလပြာသာဒ် ၃၅ ခုသည် စစ်ဘေးစစ်ဒဏ်ကြောင့်ပျက်စီးနေခဲ့သဖြင့် ၎င်းတို့ကို ရှေးမူအတိုင်းပြန်လည်ဆောက်လုပ်ခဲ့သည်။

မြန်မာလူမျိုးတို့၏ ထီးမွေနန်းမွေ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကို ရှေးမူအတိုင်း ပြန်လည်တည်ဆောက်ပြီးနောက် ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ မြနန်းစံကျော်နှင့်အတူ မန္တလေးတောင်ခြေရှိ မီးလောင်ပျက်စီးခဲ့သည့် မဟာအတုလဝေယံ(အတုမရှိကျောင်းတော်ကြီး)ကိုလည်း ဖွင့်လှစ်ခဲ့သည်။

လက်ရှိအချိန်တွင် မန္တလေးနန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်အတွင်းနန်းမြင့်ဆောင်၊ အရှေ့ဘက်ခမ်းဆောင်များနှင့် အနောက်မိဖုရားဆောင်များကိုလည်း မူလပုံစံအတိုင်းမြင်တွေ့ကြရသည်။ နန်းမြင့်ဆောင်ကို သီပေါမင်းလက်ထက်တွင် ရွှေနန်းတော်တောင်ဘက် စမုတ်ဆောင်ရှေ့တွင်ဆောက်လုပ်ခဲ့သည်။ အမြင့်သံတောင် ၇၀ ကျော်ရှိသည့် နန်းမြင့်ဆောင်အပေါ်ထိပ်ထိ တက်ရောက်နိုင်ရန် ခရုပတ်လှေကားဖြင့် ရစ်ပတ်ထားသည်။ နန်းမြင့်ဆောင်တည်ဆောက်ပြီးနောက် မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် (၁၈၈၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်)တွင် ရွှေနန်းတော်မှ မဟာမုနိဘုရားကြီးထိ တာ ၂၄၀၀ ကွာဝေးသော အကွာအဝေးတစ်လျှောက် ဝဲယာနှစ်ဖက်တွင် မီးစောင်းတန်းကို လှပတင့်တယ်စွာသွယ်တန်းပြီး ပန်းထီး၊ ပန်းတံခွန်အလှူတော်များကိုခင်းကျင်း၍ ခြောက်ရက်တိုင်ပူဇော်ခဲ့သည်။ ယခု ပြန်လည်တည်ဆောက်ထားသည့် နန်းမြို့မျှော်စင်ပေါ်သို့တက်ရောက်၍ နန်းမြို့ကြီးကို အပေါ်စီးမှကြည့်ရှုနိုင်ပေသည်။

မန္တလေးနန်းတွင်း၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကဖွင့်လှစ်ထားသည့် ယဉ်ကျေးမှုပြတိုက်တွင် ရတနာပုံခေတ် မှတ်တမ်းများ၊ ထီးသုံးနန်းသုံးပစ္စည်းများ၊ တော်ဝင်အသုံးအဆောင်များ၊ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ သမိုင်းတစ်လျှောက် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့်နေထိုင်ခဲ့ကြသည့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဗိသုကာလက်ရာ၊ အဆောင်အယောင်များကို မြနန်းစံကျော်ရွှေနန်းတော်ကြီးတွင် လွမ်းမောတသဖွယ်မြင်တွေ့ကြရသည်နှင့်အမျှ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးလာနိုင်ကြမည်ဖြစ်ပေသည်။

အဆောင်ဆောင်အခန်းခန်းဖြင့် တင့်တယ်လှပနေသည့် မြနန်းစံကျော်ရွှေနန်းတော်သည် မြန်မာတို့၏ နန်းသုံးတော်ဝင်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး မြန်မာတို့၏ ထီးမွေနန်းမွေဗိသုကာနှင့် အနုပညာလက်ရာများ ပေါင်းစုပြသထားသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ နေ့စဉ်လာရောက်ကြည့်ရှုလေ့လာနေကြသည့် ထီးရိပ်နန်းရိပ်သင်္ကေတတစ်ခုအဖြစ် ထည်ဝါစွာတည်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၁၉၉၅)**
- **ဝင်းတွေနှင့်တည်ခဲ့သည့်မင်းနေပြည်(နတ်မောက်ထွန်းရှိန်)**
- **မြန်မာရက်စွဲသမိုင်း၊ကုန်းဘောင်ဆက် (ဦးတိက္ခမေဓာလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**

# တန့်ယန်းမြို့နယ် မန်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဇွန် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ပန်ကျေးရွာနှင့် တုန်ဟုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မန်ပန်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၃၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မန်ပန်ကျေးရွာနှင့် တုန်ဟုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှီသန်းညွန့်**

# နိုင်ငံတကာ သတင်းများ

## မာလာဝီဒုတိယသမ္မတ လိုက်ပါသွားသည့်လေယာဉ် လေကြောင်းထိန်းမျှော်စင်နှင့် အဆက်အသွယ်ပြတ်တောက်

**လီလောင်ဝီ ဇွန် ၁၁**

မာလာဝီဒုတိယသမ္မတ ချီလီဗာ လိုက်ပါသွားသည့် လေယာဉ်သည် ဇွန် ၁၀ ရက်တွင် လေကြောင်းထိန်းမျှော်စင်နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ပျောက်ဆုံးနေကြောင်း သိရသည်။

ဒုတိယသမ္မတ ချီလီဗာလိုက်ပါသွားသည့် ယင်းလေယာဉ်သည် လီလောင်ဝီမြို့မှ အမ်ဇူဇူအမည်ရှိ လေဆိပ်သို့ပျံသန်းနေစဉ် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်ခဲ့ရကြောင်း မာလာဝီသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ပျောက်ဆုံးခဲ့သည့် လေယာဉ်ပေါ်တွင် အသက် ၅၁ နှစ်အရွယ် ဒုတိယသမ္မတ ချီလီဗာနှင့်အတူ အခြားလူကိုးဦးလည်း လိုက်ပါသွားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသည့် အဆိုပါလေယာဉ်ကို မာလာဝီ ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေနေကြပြီဖြစ်ကြောင်း မာလာဝီအစိုးရက သတင်းထုတ်ပြန်ထားသည်။

ပျောက်ဆုံးနေသည့်လေယာဉ်ကိုရှာဖွေရေးအတွက် မာလာဝီအစိုးရသည် အိမ်နီးချင်းအာဖရိကနိုင်ငံများအပြင်ဗြိတိန်၊ အမေရိကန်၊ နော်ဝေနှင့် အစ္စရေးနိုင်ငံတို့၏ အကူအညီကိုလည်း မာလာဝီအစိုးရက တောင်းခံထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မေ ၂၀ ရက်ဖြစ်စဉ်တွင် ဒဏ်ရာရခဲ့သူများကို စင်ကာပူလေကြောင်းလိုင်း နစ်နာကြေးပေးမည်

**စင်ကာပူ ဇွန် ၁၁**

ပြီးခဲ့သည့်လက ဗြိတိန်မှ စင်ကာပူနိုင်ငံသို့ ပျံသန်းနေသော လေကြောင်းခရီးစဉ်အတွင်း လေစီးကြောင်းအတက်အကျကြမ်းတမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ခရီးသည်များကို စင်ကာပူလေကြောင်းလိုင်းက နစ်နာကြေးများပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

စင်ကာပူ လေကြောင်းလိုင်းမှ ခရီးသည်တင် ဘိုးအင်းလေယာဉ်တစ်စင်းသည် မေ ၂၀ ရက်တွင် လန်ဒန်မှစင်ကာပူသို့ ပျံသန်းနေစဉ် လေစီးကြောင်း အကျကြမ်းမှုနှင့် ရင်ဆိုင်ခဲ့ရပြီးခရီးသည်အများအပြား ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်အတွင်း ဒဏ်ရာရရှိခဲ့သောခရီးသည်များနှင့်အသေးစားဒဏ်ရာရခဲ့သူများကို တစ်ဦးလျှင် နစ်နာကြေးအမေရိကန်ဒေါ်လာ ၁၀၀၀၀ ကမ်းလှမ်းထားကြောင်း စင်ကာပူလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သူများအနေဖြင့် သက်ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် နစ်နာကြေးများကို ညှိနှိုင်းဆွေးနွေး၍ရယူနိုင်မည်ဖြစ်ကြောင်း စင်ကာပူလေကြောင်းလိုင်းကြေညာချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ဒဏ်ရာပြင်းထန်ခဲ့သူများအတွက် လက်ငင်းပြဿနာများဖြေရှင်းနိုင်ရန် အမေရိကန်ဒေါ်လာ၂၅၀၀၀ထိကနဦး ပေးအပ်ရန် ကမ်းလှမ်းထားပြီးဖြစ်ကြောင်း စင်ကာပူလေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မေ ၂၀ ရက်ဖြစ်စဉ်ပေါ်ပေါက်ခဲ့ပြီး ရက်သတ္တသုံးပတ်အကြာ ယနေ့မှာပင် ဒဏ်ရာရခရီးသည်များအနက် ၁၁ ဦးမှာ ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ဆေးဝါးကုသမှုများခံယူနေရဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO




## တရုတ်ဝန်ကြီးချုပ်လီချန်း ဩစတြေးလျနိုင်ငံသို့သွားရောက်မည်



**ပေကျင်း ဇွန် ၁၁**

တရုတ်ဝန်ကြီးချုပ်လီချန်းသည် ဇွန် ၁၅ ရက်တွင် ဩစတြေးလျနိုင်ငံသို့လာရောက်မည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီစီက ယနေ့တွင် အတည်ပြုကြေညာထားသည်။

ဇွန် ၁၅ ရက်တွင် စတင်မည့် လေးရက်ကြာ ခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် လီချန်းသည် အဒဲလိတ်မြို့၊ ကင်ဘာရာမြို့နှင့် အနောက်ဩစတြေးလျ ပြည်နယ်များသို့ ဝင်ရောက်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်သည် တရုတ်ဝန်ကြီးချုပ်တစ်ဦး၏ ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးဩစတြေးလျခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည်ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်ခဲ့သော သံတမန်ရေးရာ အငြင်းပွားမှုတစ်ရပ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ရဖူးသည်။

ဩစတြေးလျနိုင်ငံသည် တရုတ်နိုင်ငံသို့ သံရိုင်းအများဆုံးတင်ပို့နေသည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံကလည်း ဩစတြေးလျနိုင်ငံ၏ ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံထားသည်။

တရုတ်နှင့် ဩစတြေးလျတို့ကြား နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ်မှုကို ဆက်ထိန်းထားရေးအတွက် မိမိတို့ ကြိုးစားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားထားသည်။

Ref : RT

Trs : KKO

## အစ္စရေး-ဟားမတ်စ်အပစ်အခတ်ရပ်စဲရေးအစီအစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အတည်ပြုထောက်ခံ

**နယူးယောက် ဇွန် ၁၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကြေညာထားသည့် အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇွန် ၁၀ ရက်တွင် အတည်ပြု ထောက်ခံခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို လုံခြုံရေးကောင်စီက ဇွန် ၁၀ ရက်တွင် မဲခွဲခဲ့ရာ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ပြီး ရုရှားနိုင်ငံက ပါဝင်မဲပေးခြင်းမရှိခဲ့ကြောင်း သိရသည်။



ထို့ပြင် သမ္မတဂျိုးဘိုင်ဒင်၏ အဆင့်သုံးဆင့်ပါ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို လက်ခံရန်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ရှစ်လကြာအစ္စရေး-ဟားမတ်စ် စစ်ပွဲ အဆုံးသတ်နိုင်ရေးအတွက် အဆိုပါ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို မေ ၃၁ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါအပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို အစ္စရေးနိုင်ငံကလည်း လက်ခံထားကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ရှစ်လကြာ အစ္စရေး-ဟားမတ်စ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယညွန့်ပေါင်းအစိုးရအဖွဲ့တွင် အဓိကဝန်ကြီးဌာနများကို ဝန်ကြီးချုပ်မိုဒီ၏ ဘီဂျေပီပါတီ ဆက်လက်ရယူ

**ဒေလီ ဇွန် ၁၁**

အိန္ဒိယ ညွန့်ပေါင်းအစိုးရအဖွဲ့သစ်၏ အဓိကအကျဆုံးဝန်ကြီးဌာနအားလုံးကို ဝန်ကြီးချုပ်မိုဒီ၏ဘာရာတိယာဂျနေတာပါတီ(ဘီဂျေပီ)က ဆက်လက်ထိန်းချုပ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘာရာတိယာ ဂျနေတာပါတီသည် ယခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် အမတ်နေရာအများစုဖြင့် ရပ်တည်နိုင်စွမ်းဆုံးရှုံးခဲ့ရာ မိတ်ဖက်ပါတီများ၏ ထောက်ခံမှုဖြင့် ညွန့်ပေါင်းအစိုးရအဖွဲ့သစ်ဖွဲ့စည်းခဲ့ရသည်။

သို့ရာတွင် ယနေ့တွင်ထွက်ပေါ်လာသည့် ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များစာရင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ကာကွယ်ရေးဝန်ကြီးဌာနတို့၌ ဝန်ကြီးနေရာ အပြောင်းအလဲမရှိခဲ့ဘဲကျန်ဝန်ကြီးဌာနများတွင်သာ ဝန်ကြီးနေရာ အပြောင်းအလဲရှိခဲ့သည်။

အိန္ဒိယ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဘာရာတိယာဂျနေတာပါတီသည် အဆိုပါဝန်ကြီးဌာနလေးခုအပါအဝင် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနများကိုလည်း ဆက်လက်ထိန်းချုပ်ခွင့်ရခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ၏ ညွန့်ပေါင်းအစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၇၁ဦးပါဝင်ရာ ၆၁ ဦးမှာ ဘာရာတိယာဂျနေတာပါတီမှဖြစ်ပြီး ကျန်ဝန်ကြီးများမှာ ညွန့်ပေါင်းအစိုးရ မိတ်ဖက်ပါတီများမှဖြစ်ကြသည်။

ဝန်ကြီးချုပ်မိုဒီ၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် အမျိုးသမီးဝန်ကြီးများမှာ ခုနစ်ဦးသာ ပါဝင်သည်ဟု အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာနှင့် ဘိုးရင်းကုမ္ပဏီတို့က စတားလိုင်နာအာကာသလူသယ်ယာဉ်၏ နိုင်ငံတကာ အာကာသစခန်းမစ်ရှင်သက်တမ်းကို ရက်အနည်းငယ်ထပ်တိုးထား



**ဝါရှင်တန် ဇွန် ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီတို့သည် စတားလိုင်နာ အာကာသလူသယ်ယာဉ်၏ နိုင်ငံတကာ အာကာသစခန်းမစ်ရှင်သက်တမ်းကို ရက်အနည်းငယ်ထပ်တိုးထားကြောင်း ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။

ဘိုးရင်းနှင့် နာဆာကုမ္ပဏီတို့သည် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ဇွန် ၅ ရက်တွင် အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

စတားလိုင်နာနှင့်လိုက်ပါသွားသည့် အာကာသယာဉ်မှူးနှစ်ဦးတို့သည် မူလက နိုင်ငံတကာအာကာသစခန်းပေါ်၌ သီတင်းတစ်ပတ်ကြာ နေထိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် စတားလိုင်နာ အာကာသယာဉ်မှူး နှစ်ဦး၏ နိုင်ငံတကာ အာကာသစခန်းမစ်ရှင်သက်တမ်းကို ဇွန် ၁၈ ရက်ထိ သက်တမ်းတိုးထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မစ်ရှင်သက်တမ်းတိုးခဲ့မှုကြောင့် စတားလိုင်နာ အာကာသယာဉ်မှူး နှစ်ဦးအနေဖြင့် ဇွန် ၁၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမှုတစ်ရပ်ပြုလုပ်နိုင်မည်ဖြစ်သည်။

နာဆာအဖွဲ့နှင့်ဘိုးရင်းကုမ္ပဏီ၏ အစီအစဉ်အရ စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် ဇွန် ၁၈ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## အင်္ဂါဂြိုဟ်မီးတောင်တစ်လုံးပေါ်၌ ဆီးနှင်းမည်းများတည်ရှိနေမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် ဇွန် ၁၁**

အင်္ဂါဂြိုဟ်မီးတောင်တစ်လုံးပေါ်၌ ဆီးနှင်းမည်းများတည်ရှိနေမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆီးနှင်းမည်းများကို အင်္ဂါဂြိုဟ်၏အမြင့်ဆုံးတောင်များဖြစ်သော သားဆစ်မီးတောင်များ အမည်ရှိ မီးတောင်များ၏ ထိပ်ဖျားပေါ်တွင် ဂျာမနီနိုင်ငံ ဘန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

သားဆစ်မီးတောင်များသည် နေအဖွဲ့အစည်း၏ အမြင့်ဆုံး မီးတောင်များဖြစ်ကြပြီး အိုလံပတ်စ်မွန်းအမည်ရှိ မီးတောင်ဆိုလျှင် ၂၃ ကီလိုမီတာထိ မြင့်မားကြောင်း သိရသည်။



သို့ရာတွင် သားဆစ်မီးတောင်များသည် အင်္ဂါဂြိုဟ် အီကွေတာရပ်ဝန်း၏ အနိမ့်ပိုင်းတွင်တည်ရှိနေသည်ဖြစ်ရာ ၎င်းတောင်များပေါ်၌ ဆီးနှင်းများမရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဥရောပအာကာသအေဂျင်စီ၏ အိတ်ဆိုမာ့စ် အာကာသယာဉ်အကူအညီဖြင့် သားဆစ်မီးတောင်များပေါ်ရှိ ဆီးနှင်းဖတ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များအနေဖြင့် အထက်ပါဆီးနှင်းဖတ်များကို ရှာဖွေတွေ့ရှိရန် အိတ်ဆိုမာ့စ်အာကာသယာဉ်မှရရှိသော ဓာတ်ပုံပေါင်း ၅၀၀၀ ကျော်ကို လေ့လာခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နေအဖွဲ့အစည်းအနီးရှိ အခြားကြယ်စနစ်တစ်ခုအတွင်း ဂြိုဟ်သိမ်နှစ်စင်းဝင်တိုက်မှုဖြစ်စဉ်ကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဇွန် ၁၁**

နေအဖွဲ့အစည်းအနီးရှိ အခြားကြယ်စနစ်တစ်ခုအတွင်း ဂြိုဟ်သိမ်နှစ်စင်း ဝင်တိုက်မှုဖြစ်စဉ်ကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။

အထက်ပါ ရှောမဂြိုဟ်သိမ်နှစ်စင်း ဝင်တိုက်မှုဖြစ်စဉ်သည် ဘီတာပစ်တိုးရစ်အမည်ရှိ ကြယ်စနစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ဘီတာပစ်တိုးရစ် ကြယ်စနစ်အတွင်းဖြစ်ပွားခဲ့သော ဂြိုဟ်သိမ်နှစ်စင်းတိုက်မှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘီတာပစ်တိုးရစ်ကြယ်စနစ်သည် ဂြိုဟ်သစ်များဖွဲ့စည်းဖြစ်ပေါ်နေသော ကြယ်စနစ်ဖြစ်ကြောင်း သိရသည်။

ဘီတာပစ်တိုးရစ်ကြယ်စနစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၆၃ နှစ်အကွာတွင်တည်ရှိပြီး သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၂၀ သာ ရှိသေးသည့် ကြယ်စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

၎င်းကြယ်စနစ်အတွင်းဝင်တိုက်ခဲ့သော ဂြိုဟ်သိမ်နှစ်စင်းမှာအရွယ်အစားအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကမ္ဘာပေါ်သို့ ကျရောက်ခဲ့သော ချစ်ဆူးလက်ဘ် ဂြိုဟ်သိမ်ထက် အဆပေါင်း ၁၀၀၀၀၀ ထိ ပိုကြီးမားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## ဓမ္မတာကုန်ဆုံးပြီးနောက် ညပိုင်းချွေးထွက်များသည့် အမျိုးသမီးများ၌ အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေမြင့်မား

**အေသင် ဇွန် ၁၁**

ဓမ္မတာရာသီကုန်ဆုံးပြီးနောက် ညပိုင်းချွေးထွက်များသည့် အမျိုးသမီးများသည် အသည်းအဆီဖုံး ရောဂါဖြစ်နိုင်ခြေ မြင့်မားကြောင်း ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။

ဓမ္မတာရာသီကုန်ဆုံးပြီးနောက် အထက်ပါ ကျန်းမာရေးပြဿနာများ ရင်ဆိုင်နေရသည့် အမျိုးသမီးများတွင် အရက်နှင့်မသက်ဆိုင်သည့် အသည်းအဆီဖုံးမှုရောဂါ (NAFLD) ဖြစ်နိုင်ခြေ ပုံမှန်ထက် သုံးဆမြင့်မားနေတတ်ကြောင်း ဂရိ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဂရိ သုတေသနပညာရှင်များသည် ဓမ္မတာရာသီကုန်ဆုံးပြီးသည့် အမျိုးသမီးများနှင့် ဓမ္မတာရာသီစက်ဝန်းလည်ဆဲ အမျိုးသမီးများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီကုန်ဆုံးပြီးချိန်၌ ကိုယ်ပူပြန်နေသူ၊ ညပိုင်းချွေးထွက်များသူ အမျိုးသမီးများအနေဖြင့် NAFLD အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေ မြင့်မားမှုနှင့်ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

NAFLD အသည်းအဆီဖုံးရောဂါကြောင့် အမျိုးသမီးများ၌ နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေနှင့် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာပေါ်ထွက်လာနိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပါကင်ဆန်ရောဂါကို မေးခိုင်ကာကွယ်ဆေး (Tetanus Tabs) ဖြင့်ကုသ၍ ရနိုင်ဖွယ်ရှိ

**ဂျေရုဆလင် ဇွန် ၁၁**

ကုသ၍ မရနိုင်သေးသည့် ရောဂါတစ်မျိုးအဖြစ် သတ်မှတ်ခံထားရသော ပါကင်ဆန်ရောဂါကို မေးခိုင်ကာကွယ်ဆေး (Tetanus Tabs) ဖြင့် ကုသ၍ရနိုင်ဖွယ်ရှိကြောင်း ဇွန် ၁၀ ရက်သတင်းများအရ သိရသည်။

အစ္စရေး သုတေသနပညာရှင်များ၏အဆိုအရ ဒဏ်ရာတစ်ခုခုကြောင့် မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

မေးခိုင်ရောဂါ ဗက်တီးရီးယားများသည် ပါကင်ဆန်ရောဂါလူနာများ၏ ဦးနှောက်နာ့ဗ်ဆဲလ်များကို တိုက်ခိုက်နိုင်ကြောင်း အစ္စရေး သုတေသန ပညာရှင်များက ယုံကြည်ထားသည်။

ပါကင်ဆန်ရောဂါ ဖြစ်နိုင်ခြေအပေါ် မေးခိုင်ကာကွယ်ဆေးများ၏အကျိုးသက်ရောက်မှုကို မေးခိုင်ကာကွယ်ဆေး လောလောလတ်လတ် ထိုးထားသူများတွင် အထင်ရှားဆုံးတွေ့ရကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မေးခိုင်ကာကွယ်ဆေး လောလောလတ်လတ် ထိုးနှံထားသူများသည် ၎င်းကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများနှင့်နှိုင်းယှဉ်ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အစ္စရေးသုတေသနပညာရှင်များသည် အစ္စရေးနိုင်ငံသား ရာပေါင်းများစွာ၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်း ဒဏ်ရာကြောင့် ယူရိုပွဲစဉ်များကိုလွဲချော်မည်

**အမ်စတာဒမ် ဇွန် ၁၁**

နယ်သာလန်အသင်း ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းသည် ခြေချင်းဝတ်ဒဏ်ရာ သက်သာခြင်းမရှိသည့်အတွက် လက်ရွေးစင်အသင်းနှင့်ကစားရမည့် ယူရိုပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဖရန်ကီဒီဂျောင်းသည် ဧပြီ ၂၁ ရက်က ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းနှင့်လက်ကျန်ပွဲစဉ် ခြောက်ပွဲခန့် လွဲချော်ခဲ့ပြီး ယခုအချိန်ထိ ဒဏ်ရာသက်သာလာခြင်း မရှိသေးသော်လည်း နည်းပြကိုးမန်းက ယူရိုပြိုင်ပွဲယှဉ်ပြိုင်မည့် ကစားသမား ၂၆ ဦးစာရင်းတွင် ရွေးချယ်ခဲ့သည်။

သို့သော် ကစားသမားအနေဖြင့် ဒဏ်ရာတိုးတက်လာခြင်းမရှိဘဲ ထပ်မံ အနားယူရမည်ဖြစ်သောကြောင့် ယူရိုပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လွဲချော်ရန်သေချာနေပြီး နယ်သာလန်အသင်း အနေဖြင့် ရှုံးထွက်အဆင့်ပွဲစဉ်များ ရောက်ရှိပါက ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း နယ်သာလန်အသင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

နယ်သာလန် အသင်းအတွက် ပြိုင်ပွဲစုံ ၅၄ ပွဲ ပါဝင်ကစားခဲ့သည့် ဖရန်ကီဒီဂျောင်းသည် အသင်းနှင့် ယူရိုပြိုင်ပွဲယှဉ်ပြိုင်ရန် ပစ်မှတ်ထားခဲ့ပြီး ဒဏ်ရာပျောက်ကင်းရန် အစွမ်းကုန် ကြိုးစားခဲ့သော်လည်း ခြေချင်းဝတ်ဒဏ်ရာမှာ အချိန်ထပ်မံ ယူရမည်ဖြစ်သောကြောင့် လက်လျှော့ခဲ့ရပြီး ယူရိုပြိုင်ပွဲတွင် ပါဝင်ကစားနိုင်တော့မည် မဟုတ်ကြောင်း ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် ဖရန်ကီဒီဂျောင်းသည် ဒဏ်ရာကုသရန်အတွက် ဘာစီလိုနာအသင်းနှင့် ပူးပေါင်းရန် ဆုံးဖြတ်ထားသော်လည်း နယ်သာလန်နည်းပြ ကိုးမန်းက ၎င်းအား အသင်းလူစာရင်းတွင် ဆက်လက်ထားရှိရန် ဆန္ဒရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိနိုင်သည့် အသင်းများကို စူပါကွန်ပျူတာက ခန့်မှန်းခဲ့ရာတွင် အင်္ဂလန်အသင်း၊ ပြင်သစ်အသင်း၊ ဂျာမနီအသင်း၊ စပိန်အသင်း၊ ပေါ်တူဂီအသင်း၊ နယ်သာလန်အသင်းနှင့် အီတလီအသင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။
- စပါးအသင်းက ၂၀၂၅ ခုနှစ်တွင် စာချုပ်ကုန်ဆုံးမည့် ဒွန်ဘီလီကို နွေရာသီတွင်အသင်းမှထုတ်ခွာခွင့်ပြုခဲ့ပြီး နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဆိုစီဒက်အသင်းကစားသမား မာရင်နိုကိုခေါ်ယူရန် ကြိုးပမ်းနေပြီး ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၅ သန်းကျော်အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းက နည်းပြမော့တာကို သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

**ML**

## ခြေစမ်းပွဲစဉ်တွင် တိုက်စစ်ကစားသမားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပိုလန်အသင်းထုတ်ပြန်



**ဝါဆော ဇွန် ၁၁**

ပိုလန်အသင်းက တူရကီအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပိုလန်အသင်းမှ တိုက်စစ်ကစားသမားများဖြစ်သည့် ဆွီဒါစကီးနှင့် လီဝမ်ဒေါ်စကီးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

တိုက်စစ်မှူး ဆွီဒါစကီးသည် ပွဲကစားချိန် ၁၂ မိနစ်အရောက်တွင် ပိုလန်အသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် အောင်ပွဲခံမှုပြုလုပ်ချိန်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် ပွဲချိန် ၁၉ မိနစ်တွင် ပီယာတက်ခ်နှင့် လူစားလဲခဲ့ရပြီး တိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည်လည်း ပွဲကစားချိန် မိနစ် ၃၀ ကျော်တွင် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့သဖြင့်နည်းပြက ဒဏ်ရာပြင်းထန်မှုမရှိစေရန် ပွဲကစားချိန် ၃၂ မိနစ် အရောက်တွင် အာဘန်စကီးနှင့် လူစားလဲခဲ့ကြောင်း သိရသည်။

နည်းပြ ပီချယ်က "ဆွီဒါစကီးရဲ့ ခြေချင်းဝတ်ဒဏ်ရာကိုတော့ လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်ထားပါတယ်။ မကြာခင်မှာတော့ သူ့ရဲ့ဒဏ်ရာ အသေးစိတ်ကို ဆက်လက်ထုတ်ပြန်ပေးသွားမှာပါ။ ဒါပေမဲ့ ဘယ်လိုရလဒ်မျိုးပဲထွက်လာပါစေ ကျွန်တော့်အနေနဲ့ ပြောင်းလဲမှုလုပ်မှာမဟုတ်ပါဘူး။ လီဝမ်ဒေါ်စကီးရဲ့ဒဏ်ရာကတော့ ပြင်းထန်မှုမရှိလို့ ပြဿနာမရှိပါဘူး။ သူ့ကိုဆက်လက်စွန့်စားမှု မလုပ်ချင်တာကြောင့် စောစီးစွာ လူစားလဲခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပိုလန်အသင်းက ပွဲချိန် ၁၂ မိနစ်တွင် ဆွီဒါစကီး၏ ဦးဆောင်ဂိုးဖြင့် ပြိုင်ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၇၇ မိနစ်တွင် တူရကီအသင်းက ချေဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ တွင် ဇာလေဝစကီး အနိုင်ဂိုးသွင်းယူခဲ့ပြီး နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲစုံ ရှစ်ပွဲဆက် ရှုံးပွဲမရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## နည်းပြဘာရီနီနှင့်လမ်းခွဲခဲ့ကြောင်း ဗီရိုနာအသင်း ထုတ်ပြန်ကြေညာ

**ရောမ ဇွန် ၁၁**

ဗီရိုနာအသင်းသည် အသင်းအား စီးရီးအေပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဘာရီနီနှင့် နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ကြောင်း ဇွန် ၁၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြဘာရီနီသည် ဗီရိုနာအသင်းအား ၂၀၂၃ ခုနှစ် ဇူလိုင်လက စတင်တာဝန်ယူခဲ့ပြီး တစ်နှစ်သဘောတူစာချုပ်တွင် တစ်နှစ် သက်တမ်းထပ်တိုးနိုင်သည့် သဘောတူညီချက် ပါဝင်နေသော်လည်း ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ကလပ်အသင်းနှင့် နည်းပြတို့ကြား ညှိနှိုင်းမှု အဆင်မပြေသည့်အတွက် နှစ်ဖက်သဘောတူ လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၆၀ ရှိ နည်းပြဘာရီနီသည် ဗီရိုနာအသင်းကို အမှတ်ပေးပြိုင်ပွဲတွင် ကိုးပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၈ ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းအနေဖြင့် ဘောလုံးရာသီ ကုန်ဆုံးချိန်ထိ တန်းဆင်းဇုန်အန္တရာယ်တွင် ရှိနေသော်လည်း နောက်ဆုံးအချိန်ထိ အသင်းကို အကောင်းဆုံးဦးဆောင်၍ စီးရီးအေတွင် ဆက်လက်ကစားခွင့်ရရှိအောင် ကြိုးပမ်းနိုင်ခဲ့သည်။

နည်းပြဘာရီနီသည် နည်းပြဘဝတွင် အီတလီကလပ်အသင်းများဖြစ်သည့် ဘန်နီဗန်တို၊ ဖရိုစီဝမ်၊ လက်ချီ၊ ဗီရိုနာအသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် အဆိုပါအသင်းများကို ခြေစွမ်းပိုင်းတိုးတက်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး ယခုအခါ လာဇီယိုအသင်း နည်းပြတာဝန်ထမ်းဆောင်ရန်အတွက် ပစ်မှတ်ထားနေကြောင်း အီတလီသတင်းများက ဖော်ပြခဲ့သည်။

**Ref : Xinhua**
**Trs : ML**

## LPGA Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို လင်နီယာဆွတ်ခူး

**ဂယ်လာဝေး ဇွန် ၁၁**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဂယ်လာဝေးမြို့တွင် ကျင်းပပြုလုပ်ခဲ့သော LPGA Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီးရိုက်မယ် လင်နီယာသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်မယ် ဖူရုအီနှင့် အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ခန်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး ထိုင်းဂေါက်သီးရိုက်မယ် အက်သာယာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

လင်နီယာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် LPGA Tour တွင် ချန်ပီယံဆုအား ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လင်နီယာသည် ပြိုင်ပွဲ၏ နောက်ဆုံးနေ့တွင် Birdies ရိုက်ချက် ကိုးကျင်းထိ ရရှိခဲ့ခြင်းကြောင့်လည်း ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လင်နီယာက "အရိုးသားဆုံးဝန်ခံရရင်တော့ ကျွန်မအနေနဲ့ ဒီဆုကို ဆွတ်ခူးနိုင်မယ်လို့ လုံးဝမထင်ထားပါဘူး။ ဒီပြိုင်ပွဲမှာ အောင်မြင်မှု ရရှိခဲ့ပြီးတဲ့နောက် ကျွန်မယုံကြည်လာတဲ့ အရာကတော့ အလုပ်တစ်ခုကို အရှုံးမပေးဘဲ ကြိုးစားမယ်ဆိုရင် ဘာမဆိုဖြစ်နိုင်တယ်ဆိုတာပါပဲ။ ကိုယ်လိုချင်တဲ့ အရာတစ်ခုကို ရယူနိုင်ဖို့အတွက် ကိုယ်လုပ်နိုင်တာ အကုန်လုပ်သွားဖို့ပဲလိုတယ်။ ကျွန်မအနေနဲ့ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ထက် ကိုယ်လုပ်နိုင်တာကိုပဲ အကောင်းဆုံးလုပ်ဆောင်သွားဖို့ အာရုံစိုက်ခဲ့တယ်။ ချန်ပီယံဆုအတွက်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကစားခဲ့တာ မဟုတ်ပါဘူး။ လူတိုင်းကတော့ ပြိုင်ရင်နိုင်ချင်ကြမှာပဲ။ ကျွန်မအနေနဲ့ ပရော်ဖက်ရှင်နယ်လောကထဲဝင်လာကတည်းက အောင်မြင်မှု ရယူနိုင်ဖို့ဆိုတဲ့ မျှော်လင့်ချက်တော့ ရှိပါတယ်။ ဒါပေမဲ့လဲ ဒီပြိုင်ပွဲကို အောင်မြင်မှုအတွက် ရည်ရွယ်ပြီး ဝင်ပြိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ ထင်မှတ်မထားတဲ့ အောင်မြင်မှုတစ်ခုကိုရယူနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**



# ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၁**

ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား၊ အမျိုးသမီး) ရေကူးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ Cluster-7 (စားရိပ်သာ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးရေကူးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁)၊ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ၊ အားကစား ဆေးဘက်ဌာနခွဲ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ စားသောက်တည်းခိုနေထိုင်ရေး၊ မော်တော်ယာဉ်(ကြို၊ ပို့)ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား၊ အမျိုးသမီး) ရေကူးပြိုင်ပွဲကို ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# နရင်ဘတ်အသင်းက ကလိုဆေးကို နည်းပြသစ်အဖြစ် ခန့်အပ်

**ဘာလင် ဇွန် ၁၁**

ဂျာမန်ဘွန်ဒက်လီဂါ-၂ ကလပ် နူရင်ဘတ်အသင်းက အသင်းနည်းပြသစ်အဖြစ် ဂျာမနီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဟောင်း တစ်ဦးဖြစ်သည့် ကလိုဆေးကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၄၆ နှစ်ရှိ နည်းပြကလိုဆေးသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၁၉၉၈ခုနှစ်က ဟမ်းဘတ်အသင်းနှင့်စတင်ခဲ့ပြီးနောက် ကိုင်ဇာစလော့တန်အသင်း၊ ဝါဒါဘရီမင်အသင်း စသည့်အသင်းများသို့ အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကလိုဆေးသည် ဘိုင်ယန်မြူးနစ်အသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ဆုဖလားများစွာနှင့် အောင်မြင်မှုများကိုရယူနိုင်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် လာဇီယိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး လာဇီယိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၃၉ ပွဲထိ ကစားခဲ့ကာ ၅၄ ဂိုးသွင်းယူနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သည်။

ထို့ပြင် ကလိုဆေးသည် ဂျာမနီအသင်းတွင်လည်း ၂၀၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ကစားခဲ့ပြီး အသင်းနှင့်အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ၁၃၇ ပွဲ ပါဝင်ကစားခဲ့ပြီး ၇၁ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ကြရာ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်၊ ပွဲချိန် ၄၁ မိနစ်နှင့် ပွဲချိန် ၄၄ မိနစ်တို့တွင် မြတ်နိုးခင်ကလည်းကောင်း၊ ပွဲချိန် ၂၀ မိနစ်နှင့် ၃၀ မိနစ်တွင် ဝင်းဝင်းကလည်းကောင်း၊ ပွဲချိန် ၆၆ မိနစ်တွင် ယွန်းဝတီကလည်းကောင်း၊ ပွဲချိန် ၆၈ မိနစ်တွင် ဇင်မာထွေးက လည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်၊ ပွဲချိန် ၁၈ မိနစ်နှင့် ပွဲချိန် ၅၈ မိနစ်တွင် ယဉ်လွန်းအိန်ကလည်းကောင်း၊ ပွဲချိန် ၅၂ မိနစ်တွင် ထက်နှင်းထွေးက ကိုယ့်ဂိုးကိုယ်လည်းကောင်း သွင်းယူခဲ့ကြပြီး YREO အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၈ မိနစ်တွင် ဝင်းစန္ဒာနှင့် ပွဲချိန် ၄၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့်ယမင်းဖြူတို့က အသီးသီး သွင်းယူပေးနိုင်ခဲ့ကြကြောင်း သိရသည်။

**STA**

# အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာ ကမ္ဘာ့အဆင့်(၁)နေရာသို့ တက်ရောက်

**လန်ဒန် ဇွန် ၁၁**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ပရော်ဖက်ရှင်နယ် တင်းနစ်အသင်း(ATP)က ထုတ်ပြန်လိုက်သော အမျိုးသားတင်းနစ်လောက၏ ကမ္ဘာ့အဆင့်ရပ်တည်မှုစာရင်းတွင် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာက ကမ္ဘာ့အဆင့်(၁)နေရာကို ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ထံမှ လွှဲပြောင်းရယူနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်က ကမ္ဘာ့အဆင့်(၂)နေရာသို့ တက်ရောက်သွားနိုင်ခဲ့ပြီး ဂျန်နစ်ဆင်နာက ကမ္ဘာ့အဆင့်သတ်မှတ်ချက် ရမှတ် ၉၅၂၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို ရရှိခဲ့ခြင်းဖြစ်ပြီး အယ်ကာရက်ဇ်က ကမ္ဘာ့အဆင့်သတ်မှတ်ချက် ရမှတ် ၈၅၈၀ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ယခင်ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်က ကမ္ဘာ့အဆင့်သတ်မှတ်ချက် ရမှတ် ၈၃၆၀ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၃)နေရာသို့ ကျဆင်းသွားခဲ့ရပြီး ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်က ကမ္ဘာ့အဆင့်သတ်မှတ်ချက် ရမှတ် ၆၈၈၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၄)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ရုရှားတင်းနစ် ကစားသမား မျက်ဒဗျက်က ကမ္ဘာ့အဆင့်သတ်မှတ်ရိုက်ချက် ရမှတ် ၆၄၈၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့အကြား ရမှတ်ကွာဟမှု မြင့်မားခဲ့ပြီး ဂျန်နစ်ဆင်နာအနေဖြင့် လာမည့်ပြိုင်ပွဲများတွင် ရလဒ်များ ဆိုးဆိုးရွားရွားကျဆင်းခဲ့ခြင်း မရှိပါက ကမ္ဘာ့အဆင့်(၁)နေရာအား ကာလရှည် ထိန်းသိမ်းသွားနိုင်မည့်အခြေအနေဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# ချဲလ်ဆီးအသင်းက ပဲလေ့စ်အသင်းမှ ကွင်းလယ်ကစားသမားအိုလီဆီကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိ

**လန်ဒန် ဇွန် ၁၁**

ချဲလ်ဆီးအသင်းက ပဲလေ့စ်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် ကွင်းလယ်ကစားသမား အိုလီဆီကို ခေါ်ယူရန်အတွက် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိခဲ့ပြီး နှစ်သင်းကြား ပြောင်းရွှေ့ကြေး ဆက်လက်ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိနေသည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလကတည်းက အိုလီဆီကို ခေါ်ယူနိုင်ရန်အတွက် နီးစပ်ခဲ့ဖူးပြီး ပဲလေ့စ်အသင်းနှင့် ပြောင်းရွှေ့ကြေး သဘောတူညီမှုရရှိခဲ့သော်လည်း အိုလီဆီကိုယ်တိုင်က ဆုံးဖြတ်ချက်ပြောင်းလဲခဲ့ပြီး ပဲလေ့စ်အသင်းနှင့်သာ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သည့်အတွက် အပြောင်းအရွှေ့မအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အိုလီဆီသည် ယခုနှစ်ဘောလုံးရာသီတွင် ရာသီအစောပိုင်းက ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်ခဲ့ရသော်လည်း ဒဏ်ရာမှပြန်လည်သက်သာလာချိန်တွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉ပွဲသာ ကစားခဲ့ရသော်လည်း ၁၀ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ခြောက်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ထိပ်တန်း ကလပ်အသင်းများက ၎င်းကို ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့သည်။

အိုလီဆီကို ချဲလ်ဆီးအသင်းအပြင် မန်စီးတီးအသင်း၊ လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ကလည်း အပြိုင်ခေါ်ယူရန်ပြင်ဆင်နေသည့်အတွက် ချဲလ်ဆီးအသင်းက လက်ဦးမှုရယူလိုသောကြောင့် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် လက်ရှိတွင် ကစားသမားနှင့် လုပ်ခလစာ၊ အပြောင်းအရွှေ့ ကိစ္စရပ်များအားလုံး သဘောတူညီမှုရရှိခဲ့ပြီး ပဲလေ့စ်အသင်းနှင့် နောက်ဆုံးအဆင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် ဇွန် ၁၂ ရက်သည် ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့ဖြစ်သည်။ ထိုနေ့ကို ၁၉၉၉ ခုနှစ်ကတည်းက စတင်ကျင်းပလာခဲ့ရာ ယခုနှစ်သည် ၂၅ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်သည် Let's act on our commitments: End Child Labour "ကလေးအလုပ်သမားပပျောက်ရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ပေး" ပင်ဖြစ်သည်။ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်၌ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကလေးအလုပ်သမားလုံးဝပပျောက်ရန် အခိုင်အမာသန္နိဋ္ဌာန်ချမှတ်ထားသည်။

**ကလေးအလုပ်သမားများပြား**

ဘဝအဆက်ဆက်တွင် ပြုခဲ့ကြသည့် ကုသိုလ်၊ အကုသိုလ်ကံတို့သည် မျက်မှောက်ဘဝအပေါ် များစွာစိုးမိုးလျက်ရှိသည်။ ထိုသဘောတရားအရ မိဘနှစ်ဦးတည်းမှ မွေးဖွားလာသည့် သား၊ သမီးများ၌ပင်လျှင် ရုပ်ရည်နှင့် အောင်မြင်တိုးတက်မှုတို့ ကွာခြားသွားကြသည်။ မွေးရာပါရုပ်ရည်ရူပကာနှင့် အသားအရောင်တို့ကို ပြောင်းလဲနိုင်ခြင်းမရှိသော်လည်း အောင်မြင်တိုးတက်မှုကိုမူ ကိုယ်တိုင်ဝီရိယစိုက်ထုတ်လျှင် အတိုင်းအတာတစ်ခုထိ ရရှိပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ သို့သော် ဆင်းရဲ၊ ချမ်းသာကွာဟမှုကြောင့် လက်ရှိအချိန်ထိ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားများစွာကို တွေ့ရှိနေရဆဲဖြစ်သည်။

အသက်ငယ်ရွယ်သော ကလေးငယ်များကို မည်သည့်လုပ်ငန်းတွင်မဆို ခိုင်းစေခြင်းဖြင့် ကလေးအလုပ်သမားများဖြစ်လာကြသည်။ ထိုသို့ခိုင်းစေမှုကြောင့် ကလေးငယ်များ၏ လူငယ်ဘဝ၊ ပုံမှန်ပညာသင်ယူခွင့်တို့ လက်လွှတ်ဆုံးရှုံးကြရသည်။ ထို့ကြောင့် ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို ထိခိုက်စေသည့်အပြင် စာရိတ္တပိုင်းဆိုင်ရာတွင်လည်း အန္တရာယ်ရှိလာစေပြီး ပတ်ဝန်းကျင်အပေါ်ကိုပါ ထိခိုက်လာစေနိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများက ကလေးအလုပ်သမားခိုင်းသည့် အလေ့အထကို ခေါင်းပုံဖြတ်မှုအဖြစ် ရှုမြင်ထားကြသည်။ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားများကို ဥပဒေကြောင်းအရ တားမြစ်ထားသည်။ သို့သော် အဆိုပါဥပဒေများသည် ကလေးအလုပ်သမားအားလုံးအပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ပေ။ အထူးသဖြင့် မိသားစုများတွင် ကလေးငယ်များကို အိမ်တွင်းမှုလုပ်ငန်းများခိုင်းစေခြင်း၊ အမျိုးမျိုးသောလုပ်ငန်းခွင်များတွင် ခိုင်းစေခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းတို့အပြင် ကလေးသရုပ်ဆောင်များအဖြစ် ခိုင်းစေမှုများလည်းရှိနေသည်။

ကလေးအလုပ်သမားများသည် လက်ရှိအချိန်ထိ ကမ္ဘာတစ်ဝန်း၌ အဓိကပြဿနာအဖြစ် ဆက်လက်တည်ရှိနေသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO) ၏ ထုတ်ပြန်ချက်အရ ယနေ့အချိန်ထိ ကမ္ဘာတစ်ဝန်း၌ ကလေးအလုပ်သမား သန်း ၁၆၀ ကျော်ခန့်ရှိသည်။ ၎င်းတို့အနက် ၆၃ သန်းသည် မိန်းကလေးများဖြစ်ပြီး ၉၇ သန်းခန့်သည် ယောကျ်ားကလေးများဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကလေးအလုပ်သမား ကိုးသန်းခန့် တိုးလာခဲ့ပြီး အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးအလုပ်သမားအရေအတွက်သည် ကမ္ဘာ့ကလေးအလုပ်သမားအားလုံး၏ ထက်ဝက်ခန့်ရှိနေသည်။ ကမ္ဘာတစ်ဝန်း၌ ကလေး ၁၀ ဦးလျှင် တစ်ဦးသည် အလုပ်လုပ်နေရခြင်းပင်ဖြစ်သည်။ ကလေးအလုပ်သမားများအနေဖြင့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာတို့အရ အန္တရာယ်ရှိသောလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြရသည်။

**အခွင့်အရေးဆုံးရှုံး**

ကလေးအလုပ်သမားများသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာထိ ဒဏ္ဍရောက်နေကြရသည်။ ကလေးအလုပ်သမားများသည် ပညာသင်ယူခွင့် ဆုံးရှုံးခြင်း၊ ရပိုင်ခွင့် အနာဂတ်အခွင့်အလမ်းများစွာလည်း ပိတ်ပင်တားမြစ်ခြင်းတို့ခံရလျက်ရှိသည်။ ကလေးအလုပ်သမားပပျောက်ရေးကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ILO မိတ်ဖက်များနှင့် UNICEF တို့သည် အဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုသမဂ္ဂများ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ခိုင်မာသောကတိကဝတ်များဖြင့် ကမ္ဘာလုံးဆိုင်ရာ ကလေးအလုပ်သမားများ လျှော့ချရေးလုပ်ငန်းများကို နှစ်ဆကြိုးပမ်းသွားရန် တိုက်တွန်းထားရှိသည်။

> ❖ အမှန်တော့ ဆင်းရဲမှုလျှော့ချနိုင်မှသာလျှင် ကလေးအလုပ်သမားအရေအတွက်ကို လျှော့ချနိုင်မည်ဖြစ်သည်။ ဆင်းရဲတွင်းနက်နေသောမိဘများကို အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးသင့်သည်။ ထိုသို့ဖန်တီးပေးခြင်းအားဖြင့် မိသားစုဝင်ငွေဖူလုံလာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကလေးငယ်များ ကျောင်းနေခွင့်ရကြပြီး ကလေးအလုပ်သမားများ တဖြည်းဖြည်းလျော့နည်းလာမည်ဖြစ်သည်။ ကလေးအလုပ်သမားအရေအတွက်နည်းပါးသောတိုင်းပြည်သည် တိုးတက်နေမည်ဖြစ်သည်။ သာဓကအနေဖြင့် ဓနကြွယ်ဝသည့်နိုင်ငံများတွင် ကလေးအလုပ်သမားဦးရေသည် တစ်ရာခိုင်နှုန်းသာရှိသည်။ ❖

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများ မြင့်မားနေဆဲ၊ ရှိနေဆဲပင်ဖြစ်သည်။ အာဖရိကဒေသသည် ကလေးအလုပ်သမားများပြားလျက်ရှိသည်။ ထိုဒေသရှိ နိုင်ငံအတော်များများတွင် ကလေးအလုပ်သမား ၅၀ ရာခိုင်နှုန်းသည် အသက်ငါးနှစ်မှ ၁၄ နှစ်အတွင်းသာရှိကြသည်။ ကလေးအလုပ်သမားများစွာကို လယ်ယာလုပ်ငန်းခွင်တွင် တွေ့ရလေ့ရှိသည်။ လုပ်ငန်းခွင်တွင် တွေ့ရသည့် ကလေးငယ်အများစုသည် မိဘများ၏စေခိုင်းမှုကြောင့်သာဖြစ်သည်။ "ကမ္ဘာမီးလောင် သားကောင်ချနင်း" ဆိုသလို မိဘများသည် စားဝတ်နေရေး အခက်အခဲကြောင့်သာ မိမိ၏ သား၊ သမီးငယ်များကို အလုပ်လုပ်ခိုင်းနေရခြင်းဖြစ်သည်။

ကမ္ဘာ့နေရာအတော်များများတွင် ကလေးအလုပ်သမားများ ရှိနေဆဲဖြစ်ရာ ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းခန့်သော ကလေးအလုပ်သမားများသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပျံကျဈေး၊ စားသောက်ဆိုင်၊ ကုန်တင်၊ ကုန်ချ၊ ထုပ်ပိုးခြင်း၊ အမှိုက်သရိုက်များ ဆယ်တင်ခြင်း၊ ဖိနပ်တိုက်ခြင်းဝန်ဆောင်မှုများပေးခြင်းကဲ့သို့သော လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် လုပ်ကိုင်နေကြရသည်။ ကျန် ၁၅ ရာခိုင်နှုန်းခန့်ကို တရားမဝင်ကုန်ထုတ်လုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ထုပ်ပိုးမှုလုပ်ငန်းများတွင် တွေ့ရသည်။ အချို့သောကလေးငယ်များသည် ဧည့်လမ်းညွှန်အပြင် ကုန်စုံဆိုင်နှင့် စားသောက်ဆိုင်များတွင် လုပ်ကိုင်နေကြရသည်။ ကလေးအလုပ်သမားများကို ကျေးလက်ဒေသတွင် ၇၀ ရာခိုင်နှုန်းခန့်နှင့် ကျူးကျော်ဆင်ခြေဖုံးဒေသတွင် ၂၆ ရာခိုင်နှုန်းခန့် တွေ့ကြရသည်။

ကလေးအလုပ်သမားများပြားရခြင်း၏ နောက်ကွယ်အကြောင်းရင်းသည် အလွန်အမင်း ဆင်းရဲနေမှုကြောင့် ဖြစ်သည်ဟု ILO က ဆိုထားသည်။ ဆင်းရဲတွင်းနက်နေသောမိသားစုများတွင် ကလေးငယ်များ၏ဝင်ငွေသည် ထိုမိသားစုများ အသက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ကလေးအလုပ်သမားများ၏ ဝင်ငွေသည် တစ်မိသားစုလုံးဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်ထိရှိသည်။ ကျေးလက်ဒေသများတွင် ကလေးငယ်များသည် ပုံမှန်စာသင်ခွင့် အခွင့်အလမ်းမရှိသောကြောင့် လုပ်ငန်းခွင်သို့ ရောက်ရှိသွားကြသည်။ ကျေးလက်ဒေသရှိ စာသင်ကျောင်းများသည်လည်း ကလေးငယ်များနေထိုင်ရာ ကျေးရွာများနှင့် အလှမ်းကွာဝေးသောဒေသများတွင်သာ တည်ရှိကြသည်။ သား၊သမီးများကို စာသင်ကျောင်းသို့ စေလွှတ်ခြင်းသည် လက်တွေ့အကျိုးဖြစ်ထွန်းသလားဆိုသော မေးခွန်းများသည် ဆင်းရဲတွင်းနက်နေသောမိဘများကြားတွင် မြင့်တက်လျက်ရှိသည်။

**အခွင့်အလမ်းများဖန်တီးပေးသင့်**

ကလေးငယ်များ ပညာသင်ယူခွင့် အခွင့်အလမ်းကို ဖန်တီးပေးသင့်သည်။ ဝေးလံခေါင်ဖျားသောကျေးရွာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ကျောင်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ အခမဲ့ရရှိအောင် ဖန်တီးပေးခြင်း၊ ပရဟိတအဖွဲ့အစည်းများ၊ အလှူရှင်များ ရှာဖွေခြင်း၊ ကလေးငယ်များကို ကျောင်းထားပေးရန် မိဘများကို ပညာပေးစည်းရုံးသိမ်းသွင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားရန် လိုအပ်သည်။ ကျေးလက်နေ မိဘအများစုသည် လတ်တလောစားဝတ်နေရေးအဆင်ပြေစေရန်အတွက် ကလေးငယ်များကို ကျောင်းမထားဘဲ လုပ်ငန်းခွင် ဝင်ခိုင်းကြသည်။ စားဝတ်နေရေး အဆင်မပြေသော ကလေးငယ်များသည် ကျောင်းနေလိုသောဆန္ဒ မရှိကြချေ။

စာရေးသူငယ်စဉ်က နေထိုင်သည့် ကျေးလက်ဒေသတွင်လည်း အလားတူကလေးအလုပ်သမားများ ရှိခဲ့သည်။ ကလေးငယ်အများစုသည် သေစာရှင်စာလောက်သာ ဖတ်တတ်ကြသည်။ ဘုန်းကြီးကျောင်းတွင်သာနေပြီးနောက် လုပ်ငန်းခွင်ဝင်ကြရသည်။ စာသင်ကျောင်းကို ၄၅ မိနစ်ခန့် လမ်းလျှောက်သွားမှသာ ရောက်နိုင်သည်။ ကျောင်းမသွားမီနှင့် ကျောင်းပြန်အချိန်များတွင်လည်း နွားစာရိတ်၊ ရေခပ်အလုပ်ကို လုပ်ကြရသေးသည်။ ထိုသို့မလုပ်နိုင်လျှင် ကျောင်းတက်ရန် အခွင့်အလမ်းဆုံးရှုံးကြရသည်။ ထို့ကြောင့် ကလေးအများစုသည် အလယ်တန်းပညာရေးကိုပင် ဆုံးခန်းတိုင်အောင် သင်ယူခွင့်မရရှိကြဘဲ မိဘများ၏ လုပ်ငန်းခွင်သို့ ရောက်သွားကြသည်။ ငယ်စဉ်က ပညာသင်ယူခွင့်မရခဲ့သောကလေးများသည် အောက်ခြေသိမ်းအလုပ်လောက်ကိုသာ လုပ်ကြရသဖြင့် အသက်အရွယ်ရလာသည့်အခါ စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ ရှာဖွေစားသောက်ကြရသည်။ ဘဝနေဝင်ချိန်တွင် အခက်အခဲပေါင်းစုံကို ကျော်ဖြတ်ကြရသည်။

**ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး**

ထို့ကြောင့် ဘဝပေးအခြေအနေအရ လုပ်ငန်းခွင်သို့ရောက်လာကြသောကလေးငယ်များကို လူသားဆန်စွာ ပြုမူဆက်ဆံသင့်ပေသည်။ ပညာသင်ယူခွင့်မရခဲ့သောကလေးငယ်များသည် လုပ်မှား၊ ကိုင်မှားဖြစ်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ထိုသို့ မှားယွင်းစွာလုပ်ကိုင်တတ်သည့် ကလေးအလုပ်သမားများကို အသက်အရွယ်ကြီးရင့်သူ လူကြီးများက အနိုင်ကျင့်ရက်စက်သောလုပ်ရပ်များ မလုပ်သင့်ပေ။ လူစိတ်ပျောက်နေသည့် အချို့သောလူကြီးများသည် ကလေးအလုပ်သမားများကို နှိပ်စက်ကြသည်။ လုပ်အားကို ကုပ်သွေးစုပ်ကြသည်။ ခေါင်းပုံဖြတ်ကြသည်။ အထူးသဖြင့် အိမ်ဖော်ကလေးအလုပ်သမားများစွာသည် လူစိတ်ကင်းမဲ့သောအိမ်ရှင်များ၏ အနိုင်ကျင့်နှိပ်စက်ညှဉ်းပန်းမှုကို အလူးအလဲခံစားကြရသည်။

အမှန်တော့ ဆင်းရဲမှုလျှော့ချနိုင်မှသာလျှင် ကလေးအလုပ်သမားအရေအတွက်ကို လျှော့ချနိုင်မည်ဖြစ်သည်။ ဆင်းရဲတွင်းနက်နေသောမိဘများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။ ထိုသို့ ဖန်တီးပေးခြင်းအားဖြင့် မိသားစုဝင်ငွေဖူလုံလာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကလေးငယ်များ ကျောင်းနေခွင့်ရကြပြီး ကလေးအလုပ်သမားများ တဖြည်းဖြည်းလျော့နည်းလာမည်ဖြစ်သည်။ ကလေးအလုပ်သမားအရေအတွက် နည်းပါးသောတိုင်းပြည်သည် တိုးတက်နေမည်ဖြစ်သည်။ သာဓကအနေဖြင့် ဓနကြွယ်ဝသည့်နိုင်ငံများတွင် ကလေးအလုပ်သမားဦးရေသည် တစ်ရာခိုင်နှုန်းသာရှိသည်။

ဆိုရလျှင် လူသားတို့သည် ဘဝပေါင်းများစွာတွင် ပြုမူခဲ့သော ကုသိုလ်၊ အကုသိုလ်ကံတို့ကြောင့် မျက်မှောက်ဘဝတွင် ဆင်းရဲ၊ ချမ်းသာ ကွာဟနေကြရသည်။ ထိုသို့ ဘဝအကျိုးပေးအရ ဆင်းရဲသောမိဘများမှ မွေးဖွားလာသောကလေးငယ်များသည် ပညာသင်ယူခွင့်မရရှိဘဲ ငယ်ငယ်ရွယ်ရွယ်ဖြင့် လုပ်ငန်းခွင်သို့ ရောက်ရှိလာကြရသည်။ လက်ရှိအချိန်ထိ ကမ္ဘာ့နိုင်ငံအတော်များများတွင် ကလေးအလုပ်သမားများရှိနေဆဲပင်ဖြစ်သည်။ ကလေးအလုပ်သမားများဖြစ်လာရခြင်း၏ အဓိကအကြောင်းရင်းသည် ဆင်းရဲတွင်းနက်နေမှုပင်ဖြစ်သည်။ ထို့ကြောင့် ဆင်းရဲ၊ ချမ်းသာကွာဟမှုကို တတ်နိုင်သမျှ လျှော့ချသွားရန်သည် အရေးတကြီးကိုင်တွယ်ဖြေရှင်းရမည့် လိုအပ်သောပြဿနာတစ်ရပ်ပင်ဖြစ်သည်။ အချို့သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဓနကြွယ်ဝသူများသည် ဘဝပေးအခြေအနေအရ လုပ်ငန်းခွင်ဝင်လာရသော ကလေးအလုပ်သမားများအပေါ် ခေါင်းပုံဖြတ်၊ နှိပ်စက်ညှဉ်းပန်းနေသည်ကို တွေ့မြင်နေရဆဲပင်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် လူသားအချင်းချင်း လူလို ရှုမြင်ကြပြီး လူသားဆန်ဆန် ပြုမူကျင့်ကြံနေထိုင်သွားသင့်သည်။ အထူးသဖြင့် ကလေးအလုပ်သမားများ လျှော့ချရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

**ကိုးကား**

- **Child Labour / International Labour Organization (ilo.org)**
- **A World Day Against Child Labour / International Labour Organization (ilo.org)**

# မေတ္တာဟူသည် ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇွန် ၁၁**

မေတ္တာဟူသည် ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ခွန်သာချိုက ပြောပြ၍ သိရသည်။

မေတ္တာဟူသည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားပြီး ဒါရိုက်တာ ခီနာက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲကို ဇွန် ၁၈ ရက်မှစတင်ကာ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် HEY Play Applcation နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

"အချစ်တစ်ခုကို ကိုးကွယ်လိုက်ပြီဆိုရင် ဘဝကြီးပျက်သွားနိုင်တာကို ပြသချင်တဲ့စိတ်နဲ့ ဒီဇာတ်လေးကို ဖန်တီးဖြစ်တာပါ။ မိသားစုချစ်ခြင်းမေတ္တာတင်မဟုတ်ဘဲ ပရလောကသား ဝိညာဉ်တွေနဲ့ပတ်သက်တာတွေလဲပါပါတယ်။ လူ့ဘဝမှာ တုန်းက ကောင်းမှုကုသိုလ်မလုပ်ခဲ့တော့ ဝိညာဉ်တစ်ကောင်အနေနဲ့ ဘယ်လောက်ဒုက္ခရောက်တတ်လဲဆိုတာကို ဒီဇာတ်လမ်းတွဲမှာဖော်ကျူးထားပါတယ်။ ကျွန်တော့်ရဲ့နှစ်ကိုယ်ခွဲ ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

မေတ္တာဟူသည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်သာချို၊ ခိုင်နိုး၊ မျှုးသခင်၊ လားဒင့်ထားရီ၊ အိမ့်ခြူးပွင့်၊ ကေရီ၊ အောင်ခိုင်၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# အိတ်ချ်ဗုဒ်မီဒီယာရုပ်ရှင်ကုမ္ပဏီ၏ ဇာတ်ကားသစ်၌ ဂျရက်လီတို ပါဝင်မည်

**နယူးယောက် ဇွန် ၁၁**

ကမ္ဘာကျော်မင်းသား ဂျရက်လီတိုသည် အိတ်ချ်ဗုဒ်မီဒီယာရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။


အဆိုပါ ဇာတ်ကားသစ်သည် ဖောက်တွင်းသမားဘဝ ရောက်ခဲ့ရသော တက္ကသိုလ်အငြိမ်းစားပါမောက္ခ ဒေါက်တာလောရင့်ဂရေ့၏ဘဝကို အခြေခံရိုက်ကူးမည့် ဖြစ်ရပ်မှန် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့် အထက်ပါဇာတ်ကားသစ်၌ မင်းသား ဂျရက်လီတိုသည် အငြိမ်းစားပါမောက္ခ ဒေါက်တာလောရင့်ဂရေ့အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

ဒေါက်တာ လောရင့်ဂရေ့ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒီဘယ်လင်က ရေးသားမည်ဖြစ်ပြီး မင်းသား ဂျရက်လီတိုသည် လက်ရှိတွင် ဒစ္စနီးကုမ္ပဏီ၏ Tron: Ares ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

လက်ရှိတွင် ဒေါက်တာလောရင့်ဂရေ့ ဖြစ်ရပ်မှန်ဇာတ်ကား တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ပုဇွန်တောင်မြို့နယ် Izana Art Gallery တွင် Breathing Space Art Exhibition ပန်းချီပြပွဲ ပြုလုပ်မည်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် Breathing Space Art Exhibition ပန်းချီပြပွဲကို ဇွန် ၁၅ ရက်မှ ၂၀ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း Izana Art Gallery မှ ပန်းချီ ကောင်းကျော်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ Breathing Space Art Exhibition ပန်းချီပြပွဲတွင် ဝါရင့်ပန်းချီဆရာများ၊ လူငယ်ပန်းချီဆရာများကို ဖိတ်ခေါ်ထားပြီး ယခုပြပွဲတွင် ပန်းချီဆရာ ၃၅ ဦး၏လက်ရာများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုပြသမဲ့ပြပွဲမှာ ပန်းချီဆရာ ၃၅ ယောက်ရဲ့ ကိုယ်တိုင်ဖန်တီးထားတဲ့လက်ရာတွေကို ပြသမှာဖြစ်ပါတယ်။ ပြပွဲအတွက် အနယ်နယ်အရပ်ရပ်က ပေးပို့တဲ့ ပန်းချီဆရာများစွာထဲကနေ အချက်အလက်ပြည့်စုံမှုနဲ့ အသင့်တော်ဆုံး လက်ရာတွေကို အဆင့်ဆင့်အကဲဖြတ်ပြီး ရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ထားတဲ့ ပန်းချီကားတွေကို အနည်းဆုံးတစ်ခု တစ်ကြိမ်ကျင်းပမဲ့ ပန်းချီပြပွဲတွေမှာ ပြသပေးမှာဖြစ်ပါတယ်"ဟု ပန်းချီ ကောင်းကျော်ခိုင်က ပြောသည်။




အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာများက ပန်းချီကားများအပြင် Digital နှင့် Photography Art works အများအပြားကိုလည်း လက်ခံရရှိထားသည့်အတွက် Izana Gallery အနေဖြင့် Digital & Photography Art Exhibition ကို သီးသန့်ပြပွဲတစ်ပွဲအနေဖြင့် ပြုလုပ်သွားရန်လည်းရှိကြောင်း သိရသည်။

Breathing Space Art Exhibition ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# Godzilla X Kong: The New Empire ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဆန်းကြယ်သတ္တဝါ ဇာတ်ကားဖြစ်လာ

**နယူးယောက် ဇွန် ၁၁**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Godzilla X Kong: The New Empire ဇာတ်ကားသည် ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဆန်းကြယ်သတ္တဝါဇာတ်ကားဖြစ်လာကြောင်း ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။


Godzilla X Kong: The New Empire ဇာတ်ကားသည် ဇွန် ၉ ရက်ထိ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၇၀ ကျော်ထိရှိလာကြောင်း သိရသည်။

အထက်ပါ ဝင်ငွေပမာဏအရ The New Empire ဇာတ်ကားသည် ယူနီဗာဆယ်၏ Godzilla X Kong ဇာတ်ကားများအနက် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်ခဲ့ရသည်။

ယခင် ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံး ဆန်းကြယ်သတ္တဝါဇာတ်ကားမှာ Kong: Skill Island ဇာတ်ကားဖြစ်ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆၈ သန်းကျော်ထိရှိခဲ့သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အဒမ်ဝင်းဂါ့က ရိုက်ကူးပေးထားကာ မင်းသမီး ဧေလီဟော့တီ၊ ရေဘက်ကာဟောနှင့် မင်းသား ဒန့်စတီဗင်ဆင်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# ကြို့ပင်ကောက်မြို့နယ် လက်ပံဖြူကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံဖြူကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ လက်ပံဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း လမ်း ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

လက်ပံဖြူကျေးရွာ၌ လမ်းအရှည်ပေ ၂၀၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၆ ဒသမ ၈၅ သိန်း၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts credentials of UAE Ambassador to Myanmar



**Senior General Min Aung Hlaing receives UAE Ambassador to Myanmar H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem.**

**Nay Pyi Taw June 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the credentials of H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem, the newly-accredited Ambassador of the United Arab Emirates (UAE) to the Republic of the Union of Myanmar, at the Credentials Hall of the Office of the State Administration Council Chairman, Nay Pyi Taw, at 10 am today.

Afterwards, both sides cordially discussed diplomatic relations between the two countries, extension of direct flights, promotion of cooperation in tourism, trade and other fields, SAC's endeavours to steer the country firmly on the path to multiparty democracy, aspired by the people, political changes and developments in Myanmar, preparation to hold a free and fair multiparty democracy general election, scrutiny measures and other arrangements taken under bilateral agreement between Myanmar and Bangladesh for the displaced persons in northern Rakhine State.

After the meeting, the Senior General and the UAE Ambassador posed for group documentary photos.

Also present on occasion were Joint SAC Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Wunna Han. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador-Designate of Sri Lanka

**Nay Pyi Taw June 11**

Ambassador-Designate of Sri Lanka to Myanmar H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma presented his Credentials to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of the Credential Hall of the Office of the Chairman of the State Administration Council in Nay Pyi Taw at 10.45 am today.

They cordially discussed bilateral friendly relations and diplomatic relations, learning of members of the Sangha and nuns from Myanmar in Sri Lanka, offering of religious titles to venerable members of the Sangha from Sri Lanka, cooperation in development of tourism industry, enhancement of bilateral trade, cooperation in agriculture and pharmaceutical production, and promotion of cooperation in defence sector.

After the meeting, the Senior General and the Sri Lankan Ambassador to Myanmar posed for documentary photos.



**Senior General Min Aung Hlaing receives Ambassador-Designate of Sri Lanka to Myanmar H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma.**

Also present at the ceremony were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, and Director-General of the Protocol Department U Wunna Han. 100

# Cambodia to restore centuries-old temple's causeway



**This undated photo shows a ruined Naga balustrade at the eastern causeway of the Beng Mealea temple in Siem Reap province, Cambodia.**

**Phnom Penh June 11**

Cambodia has prepared to restore the structure of the eastern causeway of Beng Mealea temple in the famed Angkor Archaeological Park, under the Lancang-Mekong Cooperation (LMC) Special Fund, the APSARA National Authority (ANA) said in a news release on Tuesday.

Puth Soth, a technical officer of the ANA's Department of Conservation of Monuments and Preventive Archaeology, said a technical team is conducting an archaeological excavation on the structure of the temple's eastern causeway for a restoration project.

"After excavating the topsoil layer, we found that the floor of the causeway had collapsed, with the weakened foundations tearing apart, causing some components of the structure such as pillars, a Naga balustrade, a Naga's body, a Naga's head, and many fragments falling into the moat and some buried in the ground due to age and natural factors," said Soth, who led the excavation work.

He added that when the excavation is completed, a restoration project on the causeway will be launched under the LMC Special Fund.

The fund, initiated by China in March 2016, aimed at supporting small- and medium-sized cooperation projects put forward by the six LMC countries.

Built in the middle of the 12th century, the layout and style of Beng Mealea temple are very similar to those of the Angkor Wat temple, the ANA said.

Xinhua

# Number of travellers to watch dolphin fishing process surges


Visitors in boats studying fishing with the help of dolphins.

**Mandalay June 11**

Local and foreign travellers surge to watch fishing process with Irrawaddy dolphins between Mandalay and Kyaukmyaung, said U Maung Maung Lay, leader of Irrawaddy dolphin protection team.

At present, water level at Ayeyawady River rises, so dolphin fishing process attract local and foreign travellers between Mandalay and Kyaukmyaung in the river starting from the second week of June. At present, flocks of local and foreign travellers arrive there to watch fishing process.

"Number of travellers resurge between Mandalay and Kyaukmyaung to watch fishing process with dolphins. Such a process is done by local fishermen from the villages between Mandalay and Kyaukmyaung with the help of Irrawaddy dolphins," he explained.

Some 250 travellers watched the fishing process per day at the area in the last week of May. Starting from the first week of June, more than 350 local and foreign travellers watch the dolphin fishing process on a daily basis.

Flocks of dolphin take positions near Indaung Village of Wetlet Township in Sagaing Region.

According to the survey conducted from 10 to 20 February 2020, there are 28 dolphins between Mandalay and Kyaukmyaung, 37 between Malei of Kanbalu and Shwegu of Kachin State and 14 more dolphins in Bhamo Township.

184

# Apiculture Division to arrange beekeeping at oil crop plantations in central Myanmar

**Mandalay June 11**

Apiculture Division of the Livestock Breeding and Veterinary Department will arrange beekeeping measures at oil crop plantations and oil crops zone in the central Myanmar for booming beekeeping industry, according to the officials from the department

Bees can be deployed to ensure pollination at sunflower and sesame plantations. Hence, the apiculture department will help local farmers to operate beekeeping process at the crop plantations, said U Myo Tint, deputy director of the division.

"Bee is friend of agriculture. Pollination must be done with the use of insects. Pollination is essential for sunflower and sesame plantations. So, if farmers need to use beehives for pollination at their farms, the division will provide assistance for them with beehives. Now, most of farmers take aid of beehive for ensuring successful pollination at their farms," he added.

In Magway Region, 78 private beekeepers are operating more than 13,000 beehives and six beekeeping farms of the township produce honey yearly.


A sunflower plantation.

With regard to production, 60 per cent of sesame and jujube honey can be produced, 30 per cent of sunflower honey and 10 per cent of variety flowers honey. Sunflower honey fetches the highest prices in the foreign market in Japan, China, Korea and Thailand.

Some 900 private beekeepers operate some 100,00 beehives across the nation to produce some 4,500 tons of honey yearly.

ASH

# Mon State to disburse more than K2,300 million loan to farmers for cultivation of monsoon crops

**Mawlamyine June 11**

Mon State government stated that more than K2,300 million will be loaned to local farmers in cultivation of monsoon crops in Mon State.

Mon State planted 687,828 acres of monsoon paddy in 2022-23 financial year. In 2023-24 FY, local farmers grew 696,298 acres of monsoon.

As last loans have been repaid for some 95.18 per cent, K2,352.1 million will be disbursed again to local farmers to grow monsoon paddy in Mon State.

On 24 May, K102.45 million was issued to 101 local farmers from six village-tracts in Hpa-an District for cultivation of 683 acres.

Last summer, Mon State earmarked 48,666 acres of summer paddy. In this regard, Kyaikto Township planted 821 acres of summer paddy, Bilin Township 9,617 acres, Thaton Township 8,424 acres, Paung Township 20,646 acres, Mawlamyine Township 150 acres, Chaungzon Township 109 acres, Kyaikmaraw Township 7,137 acres, Mudon Township 1,376 acres, Thanbyuzayat Township 278 acres and Ye Township 108 acres, meeting the target. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cabbage which comes from Shan State marketable in Mandalay

**Mandalay June 11**

Cabbage from Shan State flows into Thiri Marlar green grocery market in Aungmyethazan District of Mandalay, according to cabbage brokerages in the market.

About six truckloads of cabbages from Shan State flow to Mandalay's Thiri Marlar green grocery market on a daily basis. Cabbage trading is high at the market, fetching K1,500 per piece, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Currently, cabbage from hilly regions enters Mandalay market. But the vegetable from other regions does not enter there yet. Number of cabbage growers declines due to various reasons. Trading of cabbage is in high demand. Trucks carrying cabbages enter the market as usual," he added.

Other seasonal vegetables such as potatoes, cucumbers, tomatoes, Chinese cabbage, chilli, snowpea, eggplants, chickpea and cauliflowers are in high trading in Mandalay market.

185


A farmer plucking cabbages.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်နိုင်ငံက အထူးစစ်ဆင်ရေးအတွက် Hero Loitering Munitions များ အစွရေးထံ မှာယူခဲ့




အမေရိကန် အထူးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (USSOCOM)သည် အစ္စရေးနိုင်ငံ UVision ကုမ္ပဏီမှ Hero-120 Loitering Munitions၏ အဆင့်မြှင့်တင်ထားသောလက်နက်ဗားရှင်းကိုဝယ်ယူရန် အမေရိကန်ဒေါ်လာ ၇၄ သန်းတန် အမှာစာပေးပို့ထားကြောင်း The Defense Post သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားထားသည်။

Hero-120SF ဟုအမည်ပေးထားသော အဆိုပါ Hero Loitering Munitions မူကွဲတွင် အဆင့်မြင့်လမ်းညွှန်စနစ်များနှင့် Payload တင်ဆောင်နိုင်မှုမြင့်မားကောင်းမွန်ခြင်းတို့ကဲ့သို့သော အဆင့်မြှင့်တင်မှုများ ပါဝင်မည်ဖြစ်သည်။

Hero-120SF အသေခံတိုက်ခိုက်ရေးဒရုန်းသည် USSOCOM ၏ လက်နက်စနစ်အမျိုးမျိုးတွင် အဆင်ပြေစွာတပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

ကုမ္ပဏီကပေးပို့မည့် Hero Loitering Munitions အသေခံတိုက်ခိုက်ရေးဒရုန်းအရေအတွက် အတိအကျကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း အစင်းရေ ၂၀၀ အောက် ပေးပို့သွားနိုင်ဖွယ်ရှိကြောင်း သတင်းများက အစီရင်ခံဖော်ပြခဲ့ကြသည်။တင့်ဖျက်လက်နက်များအပြင် UVision ကုမ္ပဏီသည် ခဲယမ်းများ၊ အပိုပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ လေ့ကျင့်သင်တန်းပေးခြင်းများပါ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အစ္စရေးကုမ္ပဏီသည် အဆိုပါသဘောတူစာချုပ်ကို ဖြည့်ဆည်းပေးရန်အတွက် အမေရိကန်နိုင်ငံ မေရီလန်းအခြေစိုက် ကာကွယ်ရေးကုမ္ပဏီ Mistral Inc. နှင့် ပူးပေါင်း လုပ်ဆောင်သွားမည်လည်းဖြစ်သည်။ စာချုပ်ပါလုပ်ငန်းများကိုလာမည့် ၂၀၂၉ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။

Hero-120SF ၏ အသေးစိတ်အချက်အလက်များကို လတ်တလောတွင် တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း အခြေခံကနဦးဗားရှင်းဖြစ်သော Hero-120 တွင် တင့်ကား၊ သံချပ်ကာယာဉ်များနှင့် အခြားသံချပ်ကာပစ်မှတ် အမြောက်အမြားကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် အလေးချိန် ၄ ဒသမ ၅ ကီလိုဂရမ်ရှိ ထိပ်ဖူးတပ်ဆင်ထားသည်။ အကွာအဝေး ကီလိုမီတာ ၆၀ ထိ တိုက်ပွဲဝင်နိုင်ပြီး လေထဲတွင် မိနစ် ၆၀ ကြာ ပျံသန်းနေနိုင်စွမ်းရှိသည်။

UVision ကုမ္ပဏီ၏ အဆိုအရ Hero-120 Loitering Munitions အသေခံတိုက်ခိုက်ရေးဒရုန်းသည် အမှီအခိုကင်းစွာလည်ပတ်ရန် သို့မဟုတ် ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်များ၊ ပြင်ပထောက်လှမ်းရေးရင်းမြစ်များကို အားကိုးစရာမလိုဘဲ တိုက်ပွဲဝင်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

ထို့ပြင် ရန်သူ့တန်ပြန်ထောက်လှမ်းသိရှိခံရနိုင်မှု နည်းပါးစေရန် ဒီဇိုင်းဖွဲ့စည်းပုံမျိုးဖြစ်ပြီး ပစ်လွှတ်သူအော်ပရေတာများကို ဘေးကင်းလုံခြုံစေရေးအတွက် ပုံဖျက်ဖုံးကွယ်ပြီး အကာအကွယ်ယူထားသော အနေအထားများမှ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ဤမျှအရေးကြီးသောသဘောတူစာချုပ်သည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ကာကွယ်ရန်အတွက် နောက်ဆုံးပေါ် နည်းပညာနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပံ့ပိုးပေးရန် UVision ကုမ္ပဏီနှင့် မိတ်ဖက် Mistral ကုမ္ပဏီတို့၏ ကတိကဝတ်ကို အလေးပေးဖော်ပြနေသည်ဟု UVision ကုမ္ပဏီဥက္ကဋ္ဌ ဗိုလ်ချုပ်(အငြိမ်းစား) Avi Mizrachi က ပြောကြားခဲ့သည်။

Hero-120SF အသေခံတိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်မှုကို ဗာဂျီနီးယားပြည်နယ်ရှိ UVision ကုမ္ပဏီပိုင် စက်ရုံများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**US Orders Modified Hero Loitering Munitions for Special Operations ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံက IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်ထုတ်လုပ်မှုကို နှစ်ဆတိုးထုတ်လုပ်ရန်စီစဉ်နေ

ဂျာမနီကာကွယ်ရေးကုမ္ပဏီ Diehl သည် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်ကို နှစ်ဆတိုးထုတ်လုပ်ရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ မကြာသေးမီက ပြုလုပ်ခဲ့သည့် လေကြောင်းပြပွဲတွင် ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Helmut Rauch က ထုတ်လုပ်မှုနှစ်ဆတိုးမြှင့်ထုတ်လုပ်ရန် အစီအစဉ်များသည် ၂၀၂၅ ခုနှစ်မှစ၍ အသက်ဝင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ကုမ္ပဏီသည် လာမည့် ၂၀၂၆ ခုနှစ်မှစတင်၍ တာလတ်ပစ်ဒုံးကျည်စနစ်အတွက် တစ်နှစ်လျှင် အနည်းဆုံး ဒုံးပစ်လောင်ချာယူနစ် ၁၀ ခုထိ ထုတ်လုပ်သွားလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဂျာမနီကာကွယ်ရေး Diehl ကုမ္ပဏီအနေဖြင့် နိုင်ငံရေးဆိုင်ရာ ခြိမ်းခြောက်မှုများမြင့်တက်နေချိန် ၎င်း၏ IRIS-T ထုတ်လုပ်မှုနှုန်း မြှင့်တင်သွားမည်ဟု ကြေညာခဲ့သည်မှာ ကိုးလတာအတွင်း၌ ဒုတိယအကြိမ်မြောက် ထုတ်ပြန်ခဲ့ခြင်းလည်းဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ပထမဆုံး ထုတ်လုပ်ခဲ့သော IRIS-T တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည်အမြန်နှုန်းမြင့်မားစွာ ပျံသန်းဝင်ရောက်လာနိုင်သော လေယာဉ်၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များကဲ့သို့သော ရန်သူ့လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသော မျိုးဆက်သစ် လက်နက်စနစ်တစ်ခုဖြစ်သည်။ ထိရောက်အကွာအဝေး ကီလိုမီတာ ၄၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ပစ်မှတ်များကို တိကျစွာ ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိရန် အဆင့်မြင့် အနီအောက်ရောင်ခြည်သုံး အာရုံခံကိရိယာတပ်ဆင်ထားသည်။

ထို့ပြင် လေကြောင်းခြိမ်းခြောက်မှုများကို ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံထောက်လှမ်းနိုင်စွမ်းရှိသော ဘက်စုံသုံး Phased Array Radar တစ်ခုလည်း ပါဝင်ဖွဲ့စည်းထား သည်။ IRIS-T လက်နက်စနစ်သည် ဂျာမနီ၊ ဂရိ၊ နော်ဝေး၊ အီတလီ၊ စပိန်နှင့် ဆွီဒင်နိုင်ငံတို့အပါအဝင် ဥရောပနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှု၏ထုတ်ကုန်တစ်ခုလည်းဖြစ်သည်။



၂၀၂၂ ခုနှစ်တွင် ဂျာမနီသည် ယူကရိန်းကို IRIS-T နှစ်စုံဖြင့် ဝင်ရောက်လာသော ရုရှားတပ်ဖွဲ့များ၏ ဒုံးကျည်တိုက်ခိုက်မှုများကို ကြားဖြတ်ပစ်ချနိုင်ရန် ပံ့ပိုးပေးခဲ့သည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် စစ်မြေပြင်အောင်မြင်မှုများ ရုရှားတို့ ဆက်တိုက်ရရှိနေသည့် သတင်းများကြားတွင် နောက်ထပ်ခြောက်စုံပေးအပ်ရန် ဂျာမနီက ကတိပြုခဲ့သည်။ ရုရှားနိုင်ငံသည် NATO အဖွဲ့ဝင်နိုင်ငံများထဲမှ နိုင်ငံတစ်နိုင်ငံကို စစ်တိုက်လာနိုင်သည်ဟူသော တစ်ဖက်သတ်စိုးရိမ်မှုများကြားတွင် NATO မဟာမိတ်နိုင်ငံများသည် ဂျာမနီနိုင်ငံထုတ် လေကြောင်းကာကွယ်ရေးစနစ်ကို အသီးသီးဝယ်ယူဖြည့်တင်းနေကြပြီလည်း ဖြစ်ကြောင်း သိရသည်။

**Germany to Double IRIS-T Air Defense System Production as Demand Soars ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# သာပေါင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၉၃၄၉၇ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၉၃၄၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၉၃၄၇၉ ဧကထိ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော နွေစပါးများကို မတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းပြီးဖြစ်သော နွေစပါး တစ်ဧကလျှင် ၁၀၆ ဒသမ ၅၅ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ အခုနှစ် နွေစပါးကိုဧက ၉၃၀၀၀ ကျော်ထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နွေစပါး ဧကအားလုံးပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေအပါအဝင် သီးနှံတွေအားလုံး အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို အသိပညာပေး လုပ်ငန်းတွေနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်စီမံဆောင်ရွက်ခဲ့ပါတယ်။ နွေစပါးအတွက် မျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ရိတ်သိမ်းခဲ့သည့် နွေစပါးများ အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများက ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် လျှော်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ လျှော်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၃၁ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



လျှော်ကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၃၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သရက်မြို့နယ် ရွာသစ်ကျေးရွာတွင် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွာသစ်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ငန်းစဉ်များနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့်တာဝန်ရှိသူများ၊ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်းသိရသည်။

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ရွာသစ်ကျေးရွာ၌ ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဆက်လှ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်နှင့် တိုက်ကြီးတပ်နယ်တို့ရှိ တပ်မတော်လေ့ကျင့်ရေးကျောင်းများတွင် သင်တန်းတက်ရောက်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများကို သွားရောက်တွေ့ဆုံ အားပေးအမှာစကား ပြောကြားသည်။



တွေ့ဆုံပွဲများသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ကျောင်းရုံးအစည်းအဝေးခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်နေမှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းခန်းမများ၌ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ လာရောက်တွေ့ဆုံရသည့် အကြောင်းရင်းသည် ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်မည့် စစ်သည်များကို ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကိုပြောကြားရင်း အားပေးစကားပြောကြားလိုခြင်း၊ သင်တန်းကာလတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလိုခြင်းတို့ကြောင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများကို မိမိတို့တပ်မတော်အနေဖြင့် နွေးနွေးထွေးထွေးကြိုဆိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာတည်စေခဲ့သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ကြောင်း။



အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အား မိမိကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ အတွင်းရေးမှူးအဖြစ် စစ်ရေးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဗဟိုအဖွဲ့ ဖွဲ့စည်းပြီး ဗဟိုအဖွဲ့က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းတာဝန်များကို စနစ်တကျစီမံချက်ချပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၈၆ တွင်လည်း "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟုဖော်ပြထားပါကြောင်း။

ယခုသင်တန်းများတွင် တက်ရောက်နေသူများသည် ကိုယ်တိုင်ဆန္ဒပြုသူများဖြစ်သည်ကို သိရှိရပါကြောင်း၊ ကိုယ်တိုင်ဆန္ဒပြု၍ ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုဂုဏ်ယူပါကြောင်း၊ တပ်မတော်သားတစ်ယောက် ဖြစ်လာပါက ပေးအပ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်တွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်ဟုပင် အဓိဋ္ဌာန်ပြုထားပါကြောင်း၊ စစ်သင်တန်းဖြစ်သဖြင့် စနစ်တကျဖြင့် စည်းနှင့်ကမ်းနှင့်အညီ နေထိုင်ရန်လိုအပ်ကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရန်နှင့် နိုးကြားဖျတ်လတ်၍ တက်ကြွရန်လိုအပ်ပါကြောင်း၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရန်နှင့် ဖွဲ့သတ္တိရှိရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အမြဲတမ်းပင်ရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် ရဲသော်မသေ သေသော်ငရဲမလားဆိုသည့် ဆောင်ပုဒ်အတိုင်း ပေးအပ်သည့်တာဝန်ကို ရဲဝံ့ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းရန်လိုသကဲ့သို့ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်သန်စွမ်းရန်လိုအပ်ကြောင်း၊ ပြည်သူက အားထားရသည့် တပ်မတော်သားကောင်းများဖြစ်ရန်လိုအပ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်သည့် စစ်သည်ကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားလေ့ကျင့်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့် တပ်မှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သက်ဆိုင်ရာနည်းပြအရာရှိချုပ်များက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး တိုက်ကြီးတပ်နယ် လေ့ကျင့်ရေးကျောင်း စားရိပ်သာတွင် သင်တန်းသားများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်းအသီးသီး၌ လက်နက်ငယ်သင်ခန်းစာနှင့် ခန်းမအတွင်း စစ်နည်းဗျူဟာသင်တန်းပို့ချနေမှုများ၊ သင်တန်းသား အိပ်ဆောင်များ၊ သင်တန်းသားစားရိပ်သာနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့်ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအပတ်စဉ် (၁)နှင့် (၂)တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရှိ သီရိလင်္ကာနိုင်ငံသားများကို ကူညီကာကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၂) ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Sisira Senevirathne နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက ရင်းရင်း နှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်း အနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြ ပြီးနောက် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာ ကြသူများကို သံအမတ်ကြီးက ညစာစားပွဲ ဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိ ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ များ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **(၅၀၁)**

# နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့နှစ်ပတ်လည် အစည်းအဝေး(၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် ပုပ္ပသီရိတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ တက်ရောက်ကြသည်။




နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး (၂၀၂၄) ကျင်းပစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြား သည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များအတွက် စားသောက်ဖွယ်ရာများ ပေးအပ် ရာ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ် ရေးကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှစ်ပတ်လည် အစည်းအဝေး (၂၀၂၄)ကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။**(၅၀၁)**

# စဥ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့ထိခိုက် သေဆုံးမှုရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက် လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင် များနှင့် PDF အမည်ခံအကြမ်းဖက်သမား များ ဇွန် ၁၁ ရက် ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ထုံးကြီးကျေးရွာမှ ပြည်သူတစ်ဦး သေဆုံး ခဲ့ပြီး နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေး သားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ စဥ့်ကူးမြို့နယ် အတွင်း လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ က နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိ သော်လည်း ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲ များဖြစ်ပွားမှုနှင့် လက်နက်ကြီးပစ်ခတ်မှု များမရှိကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူ လူထုမှ ထင်ယောင်ထင်မှားဖြစ်စေရန် နှင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပွားစေ ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိသည့်နေရာနှင့် အနီးဝန်းကျင် နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်း ရရှိသည်။ **(၅၀၁)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ်(၅/၂၀၂၄) ထုတ်ပြန်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ ပုဒ်မခွဲ(က)နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်၂၆ တို့တွင် ပညာသင်ယူခွင့်နှင့်စပ်လျဉ်း၍ ဖော်ပြပါရှိပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရှိ ရသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား၊ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနက စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုခဲ့သည်။

၃။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း များကို ၂၀၂၄ ခုနှစ် ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားခုနစ်ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး စုစုပေါင်း အကျဉ်းသား ၂၃ ဦး အောင်မြင်ခဲ့သည်။ အောင်မြင်သူများတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးပါဝင်သည်။ လေးဘာသာဂုဏ်ထူးရှင်သည် ဝိဇ္ဇာဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သိရှိရသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း နှင့် လူငယ်သင်တန်းကျောင်းများမှ လူငယ်သင်တန်းသား ရှစ်ဦး၊ ကြည့်မြင်တိုင်မျက်မမြင် ကျောင်းမှ သင်တန်းသား နှစ်ဦး အောင်မြင်ခဲ့ကြောင်း သိရှိရသည်။

၄။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူ များ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက် ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများ၏ ပညာသင်ယူခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇွန်လ ၁၁ ရက်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ(၄/၅) စာအုပ် ၃၀၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း





**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်း၊ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် "လူထုသိပ္ပံကျမ်းများ လှူဒါန်းမှုမှသည် စာဖတ်ရှိန်မြှင့်တင်ရေး"သို့ ဗီဒီယိုကလစ်ကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ(၄)နှင့် အတွဲ(၅) စာအုပ် ၃၀၀၀ ကို အလှူရှင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅တိုက်သို့စာအုပ် ၂၅၀ကို လည်းကောင်း၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့စာကြည့်တိုက်များအတွက် စာအုပ် ၁၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ် ၁၇၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ လူထုသိပ္ပံကျမ်းအတွဲ(၄)နှင့် အတွဲ(၅) စာအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက ကျေးဇူးတင်မုဒိတာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း (စာရေးဆရာမောင်ကျောက်ခဲ)က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်မြန်မာသို့" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ငွေကျပ် ၁၀ သိန်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကင်းလှည့်ရေယာဉ် ခြောက်စီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပပြုလုပ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကင်းလှည့်ရေယာဉ် ခြောက်စီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကူအညီပေးအပ်သည့် ကင်းလှည့်ရေယာဉ် ခြောက်စီးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေကြောင်း ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး (ဝါးတန်း)၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai တို့ဦးဆောင်၍ အခမ်းအနား တက်ရောက်လာကြသူများသည် လမ်းမတော်မြို့နယ် ကျန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားရှိသော ကင်းလှည့်ရေယာဉ် နှစ်စီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးရာ ရေယာဉ်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကျေးဇူးတင်စကားပြောကြား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Chen Hai က အမှာစကားပြောကြားသည်။ ယင်းနောက် လွှဲပြောင်း၊ လက်ခံခြင်း စာလွှာများကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးတို့အပေါ် အခြေပြု၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ အားကောင်းစေရေးအတွက်လည်းကောင်း ၂၈ မီတာ ကင်းလှည့်ရေယာဉ်နှစ်စီးနှင့် ၄၈ မီတာ ကင်းလှည့်ရေယာဉ် လေးစီးတို့ကို အကူအညီပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပါဝင်လာစေရန်နှင့် ညီညွတ်၍ သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းဆိုင်း ("ဝ" ကျေးရွာ) COMMUNITY BASED TOURISM (CBT) ကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို ပေးအပ်ရာ တာဝန်ရှိသူ အသီးသီးက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ပျိုးပင်များအား သက်မှတ်နေရာများအလိုက် စိုက်ပျိုးခဲ့ကြပြီး ဌာနဆိုင်ရာအလိုက်သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပပြုလုပ်သော ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ အမြင့်နှစ်ပေနှင့်အထက်ရှိသည့် ပိတောက်၊ ခရေ၊ ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဲဇလီ၊ ပန်းမဲဇလီနှင့် ပျဉ်းမစသည့် သစ်မျိုး ကိုးမျိုး စုစုပေါင်း ပျိုးပင် ၁၀၀၀ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



**☆ ကျောဖုံးမှအဆက်**

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာဖြင့် လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmar-exam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖြေဆိုသူဦးရေ ၁၂၈၈၂၀၊ အောင်မြင်သူဦးရေ ၇၄၅၉၂ ဦး၊ အောင်ချက်ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၁ဦး၊ ဝိဇ္ဇာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦးစာရင်းကို ထုတ်ပြန်ထားရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို လာရောက်ကြည့်ရှုသူကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါတယ်-

**မမေမြတ်သူ**

**ခြောက်ဘာသာဂုဏ်ထူးရှင်**



"အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်သူဖြစ်ပါတယ်။ ဒီနှစ် Grade-12 မှာ ခြောက်ဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့တဲ့အပြင် နေပြည်တော်တစ်တိုင်းလုံးမှာ အဆင့်လေးရရှိခဲ့တဲ့အတွက် အထူးပဲဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်မဂုဏ်ထူးရရှိခဲ့တာက မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒတို့ကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုးရရှိဖို့ နှစ်စကတည်းက ပိုပြီးအာရုံစိုက်လေ့လာကျက်မှတ်ခဲ့ရပါတယ်။ သင်ကြားပေးတဲ့ဆရာ၊ ဆရာမတွေက ကျွန်မတို့နားလည်အောင် သင်ကြားပေးတဲ့အတွက်လဲ ပါပါတယ်။ သေချာလေ့လာ ကြိုးစားကျက်မှတ်ခဲ့တာဖြစ်ပါတယ်။ Grade-12 က စနစ်သစ်ဖြစ်ပါတယ်။ မေးခွန်းဟောင်းလေ့လာစရာ၊ ကိုးကားစရာစာအုပ်လဲမရှိဘူးဆိုတာကျွန်မသိတယ်။ ကျွန်မအနေနဲ့မကြောက်ခဲ့ပါဘူး။









၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုကြစဉ်။

ဘာဖြစ်လို့လဲဆိုတော့ စနစ်ဟောင်းပဲဖြစ်ဖြစ်၊ စနစ်သစ်ပဲဖြစ်ဖြစ် Grade-12 စာက ပထမဆုံးပဲဖြစ်တယ်။ စနစ်ဟောင်းကလူလဲ ဒီစာအသစ်ပဲ။ စနစ်သစ်လူလဲ အသစ်ပဲ။ ဆရာ၊ဆရာမတွေရဲ့ဆိုဆုံးမမှုတွေကို လိုက်နာခဲ့လို့လဲ ဒီလိုအောင်မြင်မှုရရှိခဲ့တာပါ။ကျရှုံးတဲ့သူငယ်ချင်းတွေလဲ အရင်ဆုံး စိတ်အားမငယ်ဖို့ အားပေးချင်ပါတယ်။ဒီနှစ်မှာကျဆုံးပေမယ့်လဲ နောင်နှစ်မှာ အောင်မြင်အောင်ကြိုးစားဖို့ရှိပါသေးတယ်။ အဓိက မိမိစိတ်မှာ နောက်တစ်ခေါက်လုပ်နိုင်တယ်။ကြိုးစားနိုင်တယ်ဆိုတဲ့စိတ်၊ ယုံကြည်ချက်ကို အရင်းတည်ထားမယ်ဆိုရင် နောင်နှစ်မှာ အဆင်ပြေသွားမှာပါ။ အဆုံးသတ်လို့ စိတ်ထဲမှာမတွေးစေချင်ပါဘူး။ နောင်နှစ်မှာဖြေဆိုမယ့်မောင်လေး၊ ညီမလေးတွေလဲ Grade-12 ကို အများကြီးမကြောက်ကြပါနဲ့လို့ပြောချင်ပါတယ်။ ဘာလို့လဲဆိုရင် ကျွန်မတို့ဖြေပြီးသားမေးခွန်းတွေကို လေ့လာခွင့်ရတဲ့အတွက် ပိုပြီးလွယ်ကူမယ်လို့ထင်ပါတယ်။ ကြိုးစားကြပါလို့ပြောချင်ပါတယ်။ ကျွန်မကို သင်ကြားပေးတဲ့ ဘာသာရပ်ဆရာ၊ ဆရာမတွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ဆရာ၊ဆရာမတွေကိုယ်တိုင် သင်ယူလေ့လာနေဆဲဖြစ်တဲ့ စနစ်သစ်ကို သူတို့က အစွမ်းကုန်ကြိုးစားသင်ကြားပေးကြတယ်။ ကျောင်းအုပ်ဆရာမကြီးရဲ့ သင်ကြားပေးမှုတွေ၊ မိဘတွေရဲ့ ဝိုင်းဝန်းကူညီပေးမှုကြောင့်လဲ ဒီလိုမျိုးဂုဏ်ထူးရရှိခဲ့တာပါ။ နောက်ပြီး ကျောင်းကို အေးအေးချမ်းချမ်းနဲ့ အခက်အခဲမရှိ ပညာတွေသင်ကြားနိုင်အောင်၊ စာမေးပွဲတွေဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိလူကြီးတွေအားလုံးကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက်ဖြစ်ဖို့ရည်မှန်းပါတယ်။ အခု Naypyitaw State Academy မှာလဲ ဆေးပညာသင်လို့ရနေပြီဆိုတော့ အဲဒီမှာပဲ ပညာဆည်းပူးသွားဖို့ရှိပါတယ်။ ကိုယ့်ရဲ့နိုင်ငံအတွက်လဲ အကျိုးပြုနိုင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်တယ်။ ကျွန်မတို့က အခြေခံလူတန်းစားဖြစ်တဲ့အတွက် အခြေခံလူတန်းစားတော်တော်များများက ဆေးရုံ၊ ဆေးခန်းမသွားနိုင်တဲ့အနေအထားရှိတဲ့အတွက်ကြောင့် အဲဒီလိုလူမျိုးတွေကို ပိုပြီးတော့အလေးပေးတဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**မောင်ချစ်မင်းထက်**

**ငါးဘာသာဂုဏ်ထူးရှင်**



"နေပြည်တော် အ. ထ. က(၃)ကျောင်းမှာပညာသင်ကြားခဲ့တဲ့ မောင်ချစ်မင်းထက်ဖြစ်ပါတယ်။ ငါးဘာသာဂုဏ်ထူးရရှိခဲ့ပါတယ်။ ရရှိခဲ့တဲ့ဘာသာတွေက အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနဲ့ ဇီဝဗေဒတို့ပဲဖြစ်ပါတယ်။ စာသင်ချိန်နဲ့ စာကျက်တဲ့အချိန်မှာ ပိုပြီးအာရုံစူးစိုက်လေ့လာကျက်မှတ်ခဲ့တာကြောင့် အခုလိုအောင်မြင်မှုတွေရရှိခဲ့တာဖြစ်ပါတယ်။ Grade-12 စာတွေကိုသင်တော့ စိုးရိမ်ကြောက်လန့်မှုတော့မရှိပါဘူး။ နှစ်စကတည်းကတစ်နေ့သင်တဲ့စာတွေကို ပုံမှန်လေ့လာကျက်မှတ်တယ်။ တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်တဲ့အတွက်ကြောင့် နောက်စာတွေ ဘယ်လောက်ထပ်သင်ထပ်သင် မရောတော့ပါဘူး။ နောက်ပြီး အချိန်မှန်အိပ်၊ အချိန်မှန်စား၊ အချိန်မှန်စာကျက်၊ ကျန်းမာရေးဂရုစိုက်ဖို့လဲလိုပါတယ်။ ကျွန်တော့်ရည်မှန်းချက်က ဆရာဝန်ဖြစ်ချင်ပါတယ်။ ကျွန်တော့်ရဲ့ မြန်မာဆရာမစကားတစ်ခွန်းကို စိတ်ထဲစွဲသွားတယ်။ အဲဒီစကားကတော့ "စာဆိုတာကသက်မဲ့၊ ငါဆိုတာကသက်ရှိ" ဆိုတဲ့စကား ပြောခဲ့ပါတယ်။ "သက်မဲ့စာကို သက်ရှိငါက အနိုင်ရရမယ်"ဆိုတဲ့ခံယူချက်နဲ့လဲ ကြိုးစားခဲ့ပါတယ်။ ညီငယ်၊ ညီမလေးတွေလဲ စာမရလို့စိတ်ဖိအားတွေမများကြပါနဲ့။ ကြိုးစားကြပါ။ တကယ်ကြိုးစားရင် ကြိုးစားမှုနဲ့ထိုက်တန်တဲ့ရလဒ်ကို မလွဲမသွေရမှာသေချာပါတယ်လို့ ပြောချင်ပါတယ်"ဟုပြောသည်။

**မောင်ဇင်ကိုကိုလွင်**

**လေးဘာသာဂုဏ်ထူးရှင်**



"ကျွန်တော်က ၂၀၂၃-၂၀၂၄ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်း(ကျည်တောင်ကန်)စာစစ်ဌာနက ဝင်ရောက်ဖြေဆိုခဲ့တာ လေးဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးရတဲ့ဘာသာတွေကတော့ သင်္ချာ၊ ဓာတု၊ ရူပနဲ့ ဇီဝဗေဒဘာသာတွေပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငယ်ငယ်ကတည်းက စာလုပ်တဲ့အချိန်မှာ သေသေချာချာလုပ်တယ်။ နောက်ပြီး ရပြီးသားစာတွေကိုလဲ အချိန်တစ်ခုသက်မှတ်ပြီး ပြန်ပြန်လုပ်တယ်။ မမေ့အောင်ပေါ့။ ကျောင်းမှာစာသင်တဲ့အချိန်တွေဆိုရင်လဲ သေသေချာချာသင်ယူပါတယ်။ နားမလည်ရင်လဲ ဆရာ၊ဆရာမတွေကို ချက်ချင်းမေးတယ်။ စာတွေကို အချိန်ဇယားနဲ့လုပ်တယ်။ တစ်ဘာသာတည်းကိုလဲ ဖိမလုပ်ဘူး။ ဘာသာအားလုံးကို မျှမျှတတအချိန်ခွဲပြီး စာတွေကိုလေ့လာပါတယ်။ ညီငယ်၊ ညီမငယ်တွေကိုလဲ အကြံပေးချင်တာက စာလေ့လာတဲ့အခါမှာ ဘာသာအားလုံးကို တစ်နှစ်ပတ်လုံးအချိန်ကို သေသေချာချာစီမံခန့်ခွဲပြီး လေ့လာသင်ယူပါလို့ အကြံပေးချင်ပါတယ်။ ကျွန်တော်က ဆရာဝန်ဖြစ်ချင်တာပါ။ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမေက ကျန်းမာရေးသိပ်မကောင်းဘူး။ ဒီလို ကျန်းမာရေးမကောင်းတာတောင် ကျွန်တော်တို့မောင်နှမတွေကို အေးအေးဆေးဆေး ပညာသင်ယူနိုင်အောင်ထောက်ပံ့ပေးနိုင်ခဲ့တယ်။ ကျွန်တော်လဲ အမေ့ကို တစ်လှည့်ပြန်ပြီး လုပ်ကျွေးပြုစုချင်တယ်။ ကျွန်တော်ကအမေ့အတွက် အားဖြစ်ချင်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အောင်စာရင်းမှာမပါတဲ့ သူငယ်ချင်းတွေလဲ စိတ်ဓာတ်မကျဖို့ ပြောလိုပါတယ်။ အကောင်းဆုံး ထပ်မံကြိုးစားပြီး အကောင်းဆုံးရလဒ်တွေရအောင် ဖြေဆိုပြီး သက်သေပြလိုက်ကြပါလို့ အားပေးစကားပြောချင်ပါတယ်"ဟု ပြောသည်။

**လင်းကြည်လင်း၊လဲ့ရည်အောင်**


အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကယားပြည်နယ်အစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၁**

ကယားပြည်နယ်အစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများအား ထောက်ပံ့ငွေ၊ အခြေခံစားသောက်ကုန်၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်တိုင်းမှူးတို့က ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အမှာစကားများအသီးသီး ပြောကြားကြသည်။

ထို့နောက် ပြည်နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ထောက်ပံ့ငွေနှင့် ရုံးသုံးစက်ကိရိယာများကို လည်းကောင်း၊ မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စုတစ်စုမှ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ထောက်ပံ့ငွေများကိုလည်းကောင်း၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ဘိလပ်မြေနှင့် သွပ်များကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်သည်။ ယင်းနောက် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၊ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့"**ခေါင်းစဉ်ဖြင့် ၁၂-၆-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင်စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ဗုံးဖောက်ခွဲမှုကြောင့် ကလေးငယ် သုံးဦးသေဆုံးကာ ၂၀ကျော် ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့.(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့.(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့.(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့.(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၀၂၄၅၊ ၀၂- ၄၀၂၀၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့.(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့.**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## သဲသဲမဲမဲ၊ မဲမဲသဲသဲနှင့် မည်းမည်းသည်းသည်း

မြန်မာစာပေတွင် "သဲသဲမဲမဲ၊ မဲမဲသဲသဲ"ဟူသော စကားနှစ်ခု၊ အရေးနှစ်ခုနှင့် "မည်းမည်း သည်းသည်း" ဟူသောစကားကိုတွေ့ကြရပေသည်။ စာလုံးပေါင်းသတ်ပုံရောထွေး ယောင်မှားလေ့ရှိကြသော ဝေါဟာရများဖြစ်သည်။ ထိုဝေါဟာရများ၏ အနက်နှင့် အဓိပ္ပာယ်များကိုသိမှ ထိုဝေါဟာရများကို မှန်ကန်စွာ စာလုံးပေါင်း၍ ရေးသားသုံးနှုန်းနိုင်ကြပေလိမ့်မည်။ ကွဲပြားအောင် ခွဲခြားရေးသားနိုင်ကြပေလိမ့်မည်။

"မဲ၊ မည်း၊ သဲ၊ သည်း" တို့၏ အနက်များမှာ "ပေါင်းစည်း" ဟူသော အနက်၊"ဆက်စပ်" ဟူသော အနက်ချည်းဖြစ်ကြသည်။ သို့ရာတွင် "ပေါင်းစည်း၊ ဆက်စပ်"ဟူသော အနက်ကိုအခြေခံ၍ ဖြစ်လာသော အဓိပ္ပာယ်များမှာ ကွဲပြားကြသည် ဟုဆိုရပေမည်။

"မဲ" နှင့် "မည်း" တို့၏အနက်၊ အဓိပ္ပာယ်ကို ဦးစွာ စဉ်းစားကြပါမည်။ "မဲ"လည်း "ပေါင်းစည်း၊ ဆက်စပ်"၊ "မည်း" လည်း "ပေါင်းစည်း၊ ဆက်စပ်" အနက်ဖြစ်သည်။ မဲ၏အနက်ကို စဉ်းစားသောအခါ "မက်၊ မင်" တို့၏အနက်နှင့် ယှဉ်ဖက်ဆက်စပ်၍ စဉ်းစားသင့်ကြောင်းကိုလည်း သတိပြုမိကြပေလိမ့်မည်။

"မည်း"ကို "အရောင်နက်မှောင်သော" ဟူသော အဓိပ္ပာယ်ဖြင့် သုံးသည်။ "မက်"ကို "မြဲ၊ စွဲ၊ ကပ်၊ တပ်" ဟူသော အနက်ဖြင့် သုံးသည်။ "မဲ" ဟူသော ဝေါဟာရကိုတွေ့လျှင် "မည်း" နှင့် ဆက်နွှယ်သော အဓိပ္ပာယ်လော၊ "မက်"နှင့် ဆက်နွှယ်သော အဓိပ္ပာယ်လော စိစစ်ရပေမည်။ "မဲ" သည် များသောအားဖြင့် "မက်"နှင့် အဓိပ္ပာယ်ဆက်နွှယ်သည်ကို တွေ့ရသည်။ "မက်" ၏ အနက်မှာ "မြဲ၊ စွဲ၊ ကပ်၊ တပ်" ဖြစ်ရာ "မဲ" သည်လည်း "မြဲ၊ စွဲ၊ ကပ်၊ တပ်" အနက်ပင် ရှိသည်ဟု ဆိုရပါမည်။

"အစားကိုချည်းမက်နေတာပဲ" သည် "အစားကို ချည်းမဲနေတာပဲ" နှင့် သဘောတူပင်ဖြစ်သည်။ "မက်"သည် "မက်မော၊ တပ်မက်" အဓိပ္ပာယ်ဖြစ်သည်။ "မဲ"သည် "မဲမဲသဲသဲ၊ သဲသဲမဲမဲ၊ စွဲစွဲမြဲမြဲ၊ တောင့်တ" ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော ခရီးဆောင်မြန်မာအဘိဓာန်တွင် "မဲ"ကို "၁။ တစ်ခုတည်းကိုသာ အာရုံစိုက်သည်။ ၂။ ကွက်၍ အငြိုးထားသည်ဟု အဓိပ္ပာယ်နှစ်ခု ဖွင့်ပြထားသည်။ စိတ္တကျော်သူဦးညြ၏ ကဝိလက္ခဏာသတ်ပုံကျမ်းလာ "စလေကို ဖဲ၊ ပြည်ကို မဲ၊ ကောင်းမြဲ အစဉ်ထား။ (ကဝိ ၆၃) မယားကိုဆဲ၊ သားကိုမဲ၊ မိုးပြခုံမိုင်းသား။ ကဝိ* ၆၈" တို့မှ "မဲ" ၏ အဓိပ္ပာယ်မှာ ခရီးဆောင် မြန်မာအဘိဓာန်လာ "မဲ" ၏ အဓိပ္ပာယ်များနှင့် သဘောညီသည်။

"သဲ" ကိုမူ ခရီးဆောင်မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ပြမထားပါ။ သဲကြီး မဲကြီး ဟူသော ကြိယာဝိသေသနပုဒ်ကို ပြထားပါသည်။ "သဲကြီးမဲကြီး" ၏ အဓိပ္ပာယ် မှာ "သဲသဲမဲမဲ" ၏ အဓိပ္ပာယ်နှင့်တူပါသည်။ "သဲကြီးမဲကြီး" ကို လည်းကောင်း၊ "သဲသဲမဲမဲ"ကို လည်းကောင်း "စူးစူးစိုက်စိုက် ဖွဲ့ကြီးစွာ ပြင်းပြင်းထန်ထန်" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ "ဖွဲ့" ဆိုသည်မှာ အလုပ်တစ်ခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နိုင်သော "သတ္တိ"ဟူသည့် အဓိပ္ပာယ်ရှိသဖြင့် "ဖွဲ့ကြီးစွာ" ကို "စွဲစွဲမြဲမြဲ"နှင့်လည်းတူသည်ဟု ယူဆနိုင်ပေ သည်။ 'သဲ'ကို ဝိစ္ဆာပြုလျက် (နှစ်ကြိမ်ထပ်လျက်) "ခြိမ့်ခြိမ့်သဲသဲ၊ ရုတ်ရုတ်သဲသဲ၊ သောင်းသောင်းသဲသဲ၊ သဲသဲအုတ်အုတ်၊ အုတ်အုတ်သဲသဲ၊ အုံအုံသဲသဲ" စသည်ဖြင့် သုံးသည်ကိုလည်း တွေ့ရသည်။ "သဲသဲ"၏ အဓိပ္ပာယ်မှာ "စုရုံး၊ များပြား၊ အသံ မြည်ဟည်း" စသည်တို့ဖြစ်သည်။ 'ခြိမ့်ခြိမ့်၊ ရုတ်ရုတ်၊ သောင်းသောင်း၊ အုတ်အုတ်၊ အုံအုံ' ဟူသော ဝေါဟာရများနှင့် တွဲဖက်နိုင်သော အဓိပ္ပာယ်လည်းဖြစ်သည်။

ချုပ်၍ဆိုရသော် "သဲသဲမဲမဲ၊ မဲမဲသဲသဲ" ကို "စွဲစွဲမြဲမြဲ၊ တစိုက်မတ်မတ်၊ စူးစူးစိုက်စိုက်၊ ပြင်းပြင်းထန်ထန်" စသည့် အဓိပ္ပာယ် ဖွင့်ဆိုသည်မှာ "သဲ၊ မဲ" တို့၏ မူလအနက်နှင့် မသွေဖည်ဟု ဆိုရမည်ဖြစ်ပါသည်။

ခရီးဆောင်မြန်မာအဘိဓာန်တွင် "မည်းမည်းသည်းသည်း" ကို တည်ပုဒ်ယူထားသည်ကို မတွေ့ရပါ။ သို့ရာတွင် "မည်းသည်း" ကိုမူ တည်ပုဒ်ယူထားပါသည်။ "မည်းသည်း" ၏ အဓိပ္ပာယ်ကို "၁။ အလွန်မည်းသော။ ၂။ စုပြုံများပြားသော။" ဟု ဖွင့်ဆို ထားပါသည်။ "နေပူထဲမှာ နေတာများလို့ အသားတွေ မည်းသည်းနေတာပဲ။" "မုန့်နံ့ရလို့ ပုရွက်ဆိတ်တွေလာလိုက်ကြတာ မည်းသည်းနေတာပဲ" ပထမဝါကျတွင်ပါသော "မည်းသည်း" သည် "အလွန်မည်းသော" ဟူသည့် အဓိပ္ပာယ်ဖြစ်သည်။ ဒုတိယဝါကျတွင်ပါသော "မည်းသည်း" သည် "စုပြုံများပြား" သော အဓိပ္ပာယ်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

■

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လတတိယပတ်မှ စက်တင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၄၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်သွားမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် စပါးဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၄၀၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ဝံအော်ကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကင်ပွန်းတောင်ကျေးရွာအုပ်စု ဝံအော်ကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဝံအော်ကြီးကျေးရွာ၌ လေးလက်မ GI ပိုက် အနက်ပေ ၅၄၀ အတိုင်းအတာရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီးမြို့နယ်ဦးစီးမှူးက တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

တောင်တွင်းကြီးမြို့နယ် ဝံအော်ကြီးကျေးရွာ၌ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၄၂၅ သန်းဖြင့် လေးလက်မ GI ပိုက် အနက်ပေ ၅၄၀ အတိုင်းအတာရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် တာဝန်ယူ၍ မေလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကင်ပွန်းတောင်ကျေးရွာအုပ်စု ဝံအော်ကြီးကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်၊ လူဦးရေ ၄၄၁ ဦးနှင့်ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံ မှ သိရသည်။


**နွဲ့ယဉ်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သိက္ခာ

ညွန့်ဝင်း(နတ်တလင်း)




(၁)

နွယ်ခွေရွာက နတ်တလင်းမြို့အနောက်ဘက် ငါးမိုင်လောက်အကွာ နတ်တလင်း-တာပွန် ကားလမ်းဘေးမှာရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ မြို့နဲ့ နည်းနည်းဝေးပေမဲ့ ရွာရဲ့စီးပွားရေးကတော့ ကောင်းတယ်လို့ ဆိုရမယ်။ စပါးချိန်စပါး ပဲချိန်ပဲ အထွက်နှုန်းကောင်းကြ၊ ဈေးကောင်းရကြဆိုတော့ အများစုက ပြေလည်ကြတယ်။

ခင်မျိုးက နွယ်ခွေရွာသူတစ်ယောက်။ ဒါပေမဲ့ လယ်ပိုင်ယာပိုင်မဟုတ်တော့ ပြေလည်တဲ့အထဲမှာ ခင်မျိုးတို့မိသားစု မပါပါဘူး။ လက်လုပ်လက်စား မိသားစုက ဆင်းသက်လာပြီး အိမ်ထောင်ကျတော့လဲ သူ့လို ဘဝတူအိမ်ထောင်ဘက်ဖြစ်ပြီး သားလေးနဲ့ သမီးလေးနှစ်ယောက်ထွန်းကားတယ်။ သူတို့လေးတွေ အရွယ်ကြီးပြင်းလာပြီမို့ ဝတ်စားချင်၊ လှပချင်နေကြပြီ။ ဒါပေမဲ့ ခင်မျိုးတို့က သားသမီးတွေကို ရွှေပေါ်မြတင်မထားနိုင်တဲ့ ဘဝလေ။

ခင်မျိုးတို့လင်မယားက လူသာဆင်းရဲတာ ပေါင်းသင်းဆက်ဆံရေးကျတော့ ကောင်းတယ်။ ဒါကြောင့် လူချစ်လူခင်ပေါတယ်။ ပိုက်ဆံသာရှိရင် ဘာပြောကောင်းမလဲ မိတ္တဗလကော၊ ဘောဂဗလကော ပြည့်စုံမှာ အသေအချာ။ အခုတော့ အလုပ်လုပ်နေတဲ့ကြားက သိပ်အဆင်မပြေချင်ဘူး။ အသုံးအစွဲကျပ်တိုင်းနားက နားကပ်လေး မြို့က ရွှေဆိုင်မှာအပေါင်ထားရတော့ ပန်ဆင်ရတယ်ကို မရှိဘူး။ ဒီထဲ ကလေးတွေ ကျန်းမာရေးညံ့ပြန်ရင် ပိုဆိုးတယ်။ ပေါင်စရာမရှိပြန်တော့ ရွာထဲက လယ်ပိုင်ရှင်တွေအိမ်မှာ ကောက်ရိတ်ခ ကြိုယူ၊ ပဲရိတ်ခ ကြိုယူနဲ့ ပြဿနာဖြေရှင်းရတာပဲ။

(၂)

နတ်တလင်းမြို့ပေါ်က ရွှေဆိုင်တစ်ဆိုင်ကို ရွာထဲက သူငယ်ချင်းတစ်ယောက်နဲ့ ရောက်သွားတယ်။ ရွှေဆိုင်ရောက်တယ်ဆိုလို့ ခင်မျိုး ရွှေဝယ်တာ မဟုတ်ပါဘူး။ သူငယ်ချင်းက ဆွဲကြိုးတစ်ကုံးသွားဝယ်တာကို အဖော်ခေါ်လို့ ရောက်ခဲ့ရတာ။ ခင်မျိုးထိုင်ရင်း ရွှေဆိုင်ကြီးကို နေရာအနှံ့ကြည့်နေမိတယ်။ ဆိုင်မှာ ရွှေရတနာ အထည်တွေ အများကြီး ခင်းကျင်းထားသလို ဝယ်သူတွေကလဲ အမြဲမပြတ်ပါပဲ။ သူငယ်ချင်း ရွှေဝယ်ပြီးချိန်မှာ ရွှေဆိုင်ရှင်ဒေါ်မြင့်မြင့်က-

"ညည်းက ရွှေဝယ်အုံးမှာလား။ ဒီမှာ အစုံရှိတယ်နော်" လို့ မိတ်ဆက်စကားဆိုတော့ ခင်မျိုးက-

"မဝယ်နိုင်သေးပါဘူးရှင်။ ခင်မျိုးက မိသားစု စားဝတ်နေရေးနဲ့ ဝန်ပိနေတာ ကြိုးစားစုပြီးမှ လာဝယ်ပါ့မယ်ရှင်" လို့ အရှက်ပြေစကားပြောလိုက်တာကို ဒေါ်မြင့်မြင့်က သနားသွားတာလား၊ အပြောအဆိုကို သဘောကျသွားတာလားမသိ။

"ညည်းတို့ နွယ်ခွေရွာမှာ ပဲတွေ၊ စပါးတွေထွက်နေတာပဲ။ အန်တီ့ကို ဝယ်ပေးပါလား။ ညည်းကို ပွဲခပေးမှာပေါ့အေ"လို့ ဒေါ်မြင့်မြင့်က ပွဲစားလုပ်ဖို့ ကမ်းလှမ်းလာတယ်။

ဒေါ်မြင့်မြင့်ပြောမှ ရွှေဆိုင်အပြင် သီးနှံတွေလဲ ဝယ်ပြီး သိုလှောင်တယ်ဆိုတာ သိသွားတယ်။ ဒါပေမဲ့ လောလောလတ်လတ်ကြီး ပွဲစားထလုပ်လို့ ဖြစ်ပါ့မလား။ လူမှုဆက်ဆံရေးကောင်းပေမဲ့ မယုံကြည်ကြရင် ခက်မယ်လို့ ခင်မျိုးတွေးမိတယ်။ ပွဲစားမလုပ်ရဲဘူးလို့ ပြောမယ်ကြံပြီးမှ ကျပ်တည်းနေတဲ့ ဘဝအခြေအနေကြောင့် ကြိုးစားကြည့်ချင်စိတ်ပေါ်လာတယ်။ လူယုံကြည်တယ်ဆိုတာ ပိုက်ဆံရှိမှမဟုတ်ပါဘူး။ ကတိတည်တယ်၊ အကျင့်စာရိတ္တကောင်းတယ်ဆိုရင် ယုံယုံကြည်ကြည် ဆက်ဆံကြမှာပဲလို့ အားတင်းရင်း-

"ဟုတ်ကဲ့။ သမီးကြိုးစားဝယ်ပေးပါ့မယ်" ဆိုပြီး ပွဲစားလုပ်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

(၃)

တစ်လ၊ နှစ်လအတွင်းမှာ ခင်မျိုးရဲ့ သီးနှံဝယ်အားအတော်ကောင်းလာတယ်။ စေတနာနဲ့ရိုးသား ပွင့်လင်းမှု၊ ကတိတည်မှုရဲ့ အကျိုးဆက်ပဲ ပြောရမလား။ ပွဲစားအလုပ်ကို သင်လုပ်လုပ်ရင်းနဲ့ သီးနှံအပေါ် အတော်ကျွမ်းကျင်လာတယ်။ နောက်ပိုင်းမှာ သီးနှံကောင်း၊ မကောင်းကြည့်တတ်ရုံမက ဈေးကွက်အလားအလာကိုပါ ခန့်မှန်းတတ်လာတယ်။

ဘယ်သီးနှံကို ဘယ်လို ကြိုဝယ်ရင် အကျိုးအမြတ်ဘယ်လိုရှိနိုင်မယ်ဆိုတာတွေကို သူ့သူဌေး ဒေါ်မြင့်မြင့်ကို ပြောပြတယ်။ ခင်မျိုးပြောတဲ့အတိုင်း ဒေါ်မြင့်မြင့်က ငွေကြိုချပေးပြီး ဝယ်ခိုင်းတယ်။ ကံကောင်းချင်တော့ အဲဒီနှစ် ပဲကော၊ စပါးကော ဒေါ်မြင့်မြင့်အတွက် ခေါက်ချိုးလောက် အမြတ်ရလိုက်တယ်။ ဒါကြောင့် အဝယ်တော်ပွဲစားခင်မျိုးကို ပါတိတ်ဝမ်းဆက်တွေ ဘာတွေနဲ့ ဘောက်ဆူးပေးတယ်။

ခင်မျိုးနဲ့ ဒေါ်မြင့်မြင့်တို့ ဆက်ဆံရေးကအတော်ရင်းနှီးကျွမ်းဝင်လာတယ်လို့ ဆိုရမယ်။ ခင်မျိုးလဲ ဒေါ်မြင့်မြင့်အားကိုးရတဲ့ ပွဲစားတစ်ယောက် ဖြစ်လာပြီး ပဲတို့၊ စပါးတို့ဝယ်ပေးရုံ အားကိုးရတာမဟုတ်တော့ဘူး ရွာက ရွှေထည်အဟောင်း ပြန်ရောင်းချင်တဲ့သူတွေ၊ ရွှေထည်အသစ်ဝယ်ချင်တဲ့သူတွေရှိရင်လဲ ဆိုင်ကို ခေါ်လာပေးတဲ့ထိ ဘက်စုံအားကိုးရတယ်။

ဒေါ်မြင့်မြင့်တို့ကလဲ ဆက်ဆံရေး ဘာကောင်းသလဲ မမေးနဲ့။ ဆိုင်ကို ဝယ်သူ ရောင်းသူတွေရောက်လာပြီဆိုရင် ဧည့်သည်အတွက် မုန့်ပွဲက အဆင်သင့်မှာပြီးသား။ အရောင်းအဝယ်ဖြစ်ပြီဆိုရင် ပုဆိုး၊ အင်္ကျီယူမလား၊ ပါတိတ်ဝမ်းဆက်ယူမလား ဧည့်သည်ကို လက်ဆောင်ပေးမြဲ။ ရောင်းသူ၊ ဝယ်သူတွေကလဲနေ့စဉ်နဲ့အမျှ ပျားပန်းခပ်တမျှပါပဲ။ ဆိုင်လာသူကို ကျွေးမွေးဧည့်ခံတဲ့အပြင် ရွှေထည်ပစ္စည်းဝယ်သူတွေကို လက်ဆောင်ပါပေးနေတော့ ဒေါ်မြင့်မြင့်တို့ ရွှေဆိုင်ဟာ ရွာသားတွေ အသည်းစွဲဖြစ်လာခဲ့တယ်။

(၄)

ခင်မျိုးတို့ နွယ်ခွေရွာစာသင်ကျောင်းမှာ ကိုသန်းစိုးဆိုတဲ့ ကျောင်းဆရာတစ်ယောက်ရှိတယ်။ ရွာကျောင်းဆရာဆိုပေမဲ့ ခင်မျိုးတို့နဲ့ ခပ်မှန်မှန်ပဲနေကြတာ။ စတိုင်တွေ၊ မလိုင်တွေနဲ့နေတဲ့ဆရာလို့ ခင်မျိုးသတ်မှတ်မိတယ်။ ဆရာသန်းစိုးက ခပ်တည်တည်ပဲနေတာကိုး။

ဒါပေမဲ့ ရွာထဲမှာ အလှူ၊ မင်္ဂလာဆောင်နဲ့ သာရေးနာရေး စတဲ့ ကိစ္စတစ်ခုခုဖြစ်ရင် ဆရာသန်းစိုးက ဆော်ဆော်ဩဩနဲ့ ဦးဆောင်လုပ်နေကျ။ အခုလဲ ရွာထဲက မင်္ဂလာဆောင်မှာ လုပ်ကိုင်ပေးရင်း ရွာသားတချို့နဲ့ ဘာတွေပြောနေတယ်မသိ။ တစ်ခါတလေ ခင်မျိုးတို့ဘက်ကြည့်လိုက်၊သူ့ဘေးကလူတွေကို ပြောလိုက်လုပ်နေပုံတွေ့ရတယ်။ သူတို့ပြောဆိုနေကြတဲ့ နေရာကို ခင်မျိုးရောက်သွားချိန်မှာ စကားစပြတ်သွားတယ်။ စိတ်မြန်လက်မြန်ရှိလှတဲ့ ခင်မျိုးက-

"ကိုသန်းစိုး ကျွန်မလာမှ ဘာဖြစ်လို့ စကားဖြတ်လိုက်ရတာလဲ။ ကျွန်မ အတင်းများ ပြောနေတာလား"

"နင့်အတင်း ပြောနေတာမဟုတ်ပါဘူးဟာ။ရွာသားတွေ သိသင့်သိထိုက်တာ ရှင်းပြနေတာပါ"

"ရွာသားတွေကို ရှင်းပြတယ်သာပြောတာ ကျွန်မကို ကြည့်ပြီး ပြောနေတယ်ထင်လို့"

ခင်မျိုးက တပ်အပ်မစွဲရုံတမယ်ပြောလာတာမို့ ကိုသန်းစိုး မျက်နှာမှာ ပြုံးရောင်သန်းသွားတယ်။

"ကိုသန်းစိုးမှန်မှန်ပြော ကျွန်မအကြောင်းမဟုတ်လား"

"နင့်အကြောင်းတော့မဟုတ်ပါဘူး။ နင့် ရွှေဆိုင်သူဌေး ဒေါ်မြင့်မြင့်တို့အကြောင်း"

"အန်တီမြင့်တို့ ဘာဖြစ်လို့လဲ"

ခင်မျိုးက သိလိုဇောနဲ့ စိတ်မရှည်တော့ဘဲ မေးလိုက်တယ်။

"နင့်သူဌေးနဲ့ နင်နဲ့ အဆင်ပြေနေတာဆိုတော့ နင့်ရှေ့ပြောရမှာ အားတော့နာတယ်။ ဒါပေမဲ့ ရွာသားတွေ ရိုးလို့၊ အလို့ မသိတာကို သိအောင်တော့ ပြောချင်တယ်။ ငါတို့ ရွာသားတွေက အင်မတန်ရိုးသားကြတော့ ငွေကြေးချမ်းသာသူတွေရဲ့ လှည့်ကွက်ကို မသိရှာကြဘူး"

လှည့်ကွက်ဆိုလို့ ခင်မျိုးနားမလည်အောင်ဖြစ်သွားတယ်။ ဒါပေမဲ့ မိမိသူဌေးကို ပြောနေတာမို့ နာချင်သလိုဖြစ်သွားတယ်။ ကိုသန်းစိုးက-

"ငါတို့ ရွာသားတွေ သူ့ဆိုင်မှာ ရွှေသွားရောင်းရင် ပြင်ပရွှေမို့ ရွှေရည်မမီဘူး ညံ့တယ် ဘယ်ဈေးပဲ ပေးနိုင်မယ်ဆိုပြီး ဈေးနှိမ်ဝယ်တယ်။ အလေးချိန်ခွင်ကလဲ ငါတို့ရွာသားတွေ နားမလည်ဘူး။ ရွှေထည်ဆိုတာ ဝတ်ရင် လျော့တယ်ဆိုတဲ့အကြောင်းပြချက်နဲ့ သူပြောတဲ့ အလေးချိန်အတိုင်း ကျေနပ်ရတာပဲ။ ပြီးတော့ ရွှေထည်ဝယ်ရင် သူများဆိုင်တွေက အလျော့တွက် တစ်ပဲယူရင် သူ့ဆိုင်က တစ်ပဲနဲ့ နှစ်ရွေး၊ သုံးရွေးယူတယ်။ ဒါပေမဲ့ ဝယ်သူတွေကို မုန့်နဲ့ ဧည့်ခံ၊ အဝတ်အစား လက်ဆောင်ပေးဆိုတော့ ရွာသားတွေက ကျေနပ်ကြတယ်။ တကယ်တော့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်လိုက်တာပဲ။ တကယ်ပြောရင် ရွှေတစ်ရွေး၊ နှစ်ရွေးရဲ့တန်ဖိုးဟာ ပုဆိုး၊ အင်္ကျီ၊ ပါတိတ်ဝမ်းဆက်ဖိုးထက်များတယ်"

ကိုသန်းစိုးက ဒီလိုပြောတော့ ခင်မျိုး မယုံချင်ပါ။ ကိုယ့်သူဌေးကို အပုပ်ချတဲ့စကားမို့ မနှစ်မြို့တာ အမှန်ပါပဲ။

"ဒီမှာ ကိုသန်းစိုး၊ ကျွန်မတို့သူဌေးက ရှင်ပြောသလို လိမ်ညာလုပ်စားနေတာမဟုတ်ဘူး။ သူ့အခြေအနေနဲ့ ဒီလို နာမည်ပျက်မဲ့အလုပ် ဘယ်လုပ်မလဲ။ စဉ်းစဉ်းစားစား ပြောဖို့ကောင်းတယ်။ ခင်မျိုးအနေနဲ့ ဒေါ်မြင့်မြင့်တို့ အဲဒီလိုမလုပ်ဘူးလို့ ယုံကြည်တယ်။ ဒါပေမဲ့ အချေအတင်ဆက်ပြောကြရင် ပဋိပက္ခပုံစံတွေဖြစ်လာတော့မှာ တွေးပြီး ရှောင်လွှဲထွက်ခဲ့တယ်။ စိတ်ထဲမှာတော့ ကိုသန်းစိုးစကားကို သိပ်မကျေချမ်းချင်။

(၅)

ခင်မျိုးသမီးလေးက အရွယ်ရောက်လာတော့ သူများတွေလို ရွှေတိုငွေစလေးတွေ ဆင်ဖို့တွေးမိတယ်။ အခုအခြေအနေက အရင်လို ပေါင်လိုက်၊ နှံလိုက် မလုပ်ရတော့ဘဲ ပွဲစားလုပ်လို့ ရတာလေးတွေနဲ့ အဆင်ပြေနေတယ်လေ။ ဒါကြောင့် သမီးအတွက် ဆွဲကြိုးလေးတစ်ကုံးလောက် လုပ်ပေးမယ်လို့ စိတ်ကူးတယ်။ ဒါပေမဲ့ ဆွဲကြိုးတစ်ကုံးရဲ့ တန်ဖိုးကလဲ မသေးတဲ့အပြင် ခင်မျိုးစုဆောင်းထားတာလေးနဲ့လဲ မလုံလောက်ဘူး။ သမီးရဲ့ အဖေ သူရင်းငှားခကလဲ ရာသီကုန်အောင်စောင့်ရအုံးမယ်။ ရွာထဲက သူငယ်ချင်းနဲ့ ရွှေဆွဲကြိုးဝယ်ဖို့အကြောင်း စကားစပ်မိတော့ သူငယ်ချင်းက -

"နင့် သူဌေး ဒေါ်မြင့်မြင့်နဲ့ ဒီလောက် ရင်းနှီးနေတာ အခု ရှိတာလေး စရန်ငွေအနေနဲ့ ပေးထားမယ် လကုန်ရင် ကျန်တာပေးပါမယ်ဆိုပြီး အကူအညီတောင်းကြည့်ပါလား"လို့အကြံပေးတယ်။

သူငယ်ချင်းပြောမှပဲ ခင်မျိုးက ဟုတ်ပြီ အန်တီမြင့်ဆီ အကျိုးအကြောင်း ပြောပြပြီး သူ့ဆိုင်က ဆွဲကြိုးခပ်သေးသေးတစ်ကုံးလောက် ခဏအကြွေးပေးထားဖို့ အပူကပ်အုံးမယ်လို့ စိတ်ကူးရသွားတယ်။

(၆)

ဒေါ်မြင့်မြင့်ဆိုင်မှာ အခါတိုင်းလိုပဲ ရွှေရောင်းသူဝယ်သူတွေရှုပ်နေတယ်။ လူရှင်းမှ ကိုယ်ပြောချင်တာပြောခွင့်ရမှာမို့ လူအရှင်းကို ခင်မျိုး စောင့်နေရတယ်။ ဒီနေ့ကျမှ လူတွေပိုရှုပ်တယ်ပင် ထင်မိတယ်။

စာမျက်နှာ ၂၅ သို့ ➤

# ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အကြောင်းသိကောင်းစရာ

စိန်လှိုင်ပိုင်



ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေအရ ချမှတ်သော အမိန့်တစ်ရပ်ကို အတည်ပြုရန်အတွက် လိုအပ်သည့်အမိန့်များကို ချမှတ်ရန်ဖြစ်စေ၊ တရားရုံး၏ ဥပဒေလုပ်ထုံးလုပ်နည်းကို အလွဲပြုခြင်းမှတားဆီးကာကွယ်ရန်ဖြစ်စေ၊ အခြားနည်းဖြင့် တရားဖြောင့်မှန်ရာရောက်အောင် ပြုလုပ်ရန်ဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၌ ရှိရင်းစွဲဖြစ်သော မူလဘူတအာဏာကို ဤဥပဒေတွင်ပါသော **မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကန့်သတ်သည် သို့မဟုတ်ထိခိုက်သည်ဟု မမှတ်ယူစေရ**ဖြစ်ပါသည်။

အထက်ပါပြဋ္ဌာန်းချက်အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတ အာဏာကို ကျင့်သုံးနိုင်သည့်တရားရုံးမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးပြည်နယ်တရားလွှတ်တော်တို့ဖြစ်ကြောင်း သိရသည်။ (ရှေးယခင်ကမူ အထက်ပါ အာဏာကို ပြည်နယ်၊ တိုင်းသို့ ပေးမထားဘဲ တရားရုံးချုပ်ကသာလျှင် ဆောင်ရွက်ခွင့်ရှိပါသည်)

မြို့နယ်တရားရုံးတွင်စွဲဆိုသော အမှုတစ်ခုတွင် စွဲဆိုခံရသူ တချို့က ၎င်းတို့အပေါ် စွဲဆိုထားသော အမှုကို ပြည်နယ်တရားလွှတ်တော်သို့ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် ရာဇဝတ်အထွေထွေမှု လျှောက်ထားရာ ပလပ်ခြင်းခံရသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားရာ ကြားနာပြီး ပြင်ဆင်မှုကို ပလပ်သည့်အမိန့်ချမှတ်ခဲ့သည်။ ထိုအမှုကို အကြောင်းပြု၍ ရေးသားပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

တာချီလိတ်မြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၆၃၃ တွင် ဦးခင်မောင်မြင့်က ဦးစိုးနိုင်ပါ ခုနစ်ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ-၅၀၀ အရ ဦးတိုက်လျှောက်ထားစွဲဆိုပါသည်။ ထိုအမှုတွင် ရာဇသတ်ကြီးပုဒ်မ-၅၀၀ အရ အရေးယူခံရသော မဖြူဖြူခိုင်နှင့် ဦးသန်းလှိုင်တို့က ၎င်းတို့အပေါ် စွဲဆိုထားသောအမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် ရှမ်းပြည်နယ် တရားလွှတ်တော်သို့ ရာဇဝတ်အထွေထွေမှု တင်သွင်းရာ ပလပ်ခြင်းခံရသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားရာတွင်လည်း ပလပ်သည့် အမိန့်ချမှတ်ခဲ့သည်။

အထူးအယူခံခုံရုံးတော်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရာဇဝတ်ပြင်ဆင်မှုတွင် ချမှတ်သောအမိန့်သုံးသပ်ချက်တွင် **အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာပေါ်ပေါက်သည်ကို တွေ့ရှိရသဖြင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ -၂၀ အရ ကြားနာရန် အထူးအယူခံ ဖွင့်လှစ်ခဲ့ပါသည်။**

**(ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက်ပေးရန် ငြင်းပယ်ခဲ့သည့် အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကိုကျင့်သုံးခွင့်ရှိ/မရှိ)**

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄၄ (ခ) တွင် အမှုကိုပလပ်ရာ၌ အကြောင်းခြင်းရာအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကပါ အာဏာကို ကျင့်သုံး၍ ချေဖျက်ပေးနိုင်သည့် အခြေအနေမရှိကြောင်း သုံးသပ်ထားသည်။ ပြင်ဆင်မှုသည် ခရိုင်တရားရုံးနှင့် အထက်တရားရုံးတို့က အောက်ရုံးမှ ချမှတ်သော အမိန့်ဆုံးဖြတ်ချက် မှန်၊ မမှန် ဥပဒေနှင့် ညီ၊ မညီ သင့်လျော်၊ မသင့်လျော် သိရှိနိုင်ရန် အမှုတွဲတောင်းခေါ်၍ စိစစ်ဆုံးဖြတ်ရသည့် ကိစ္စမျိုးနှင့် သက်ဆိုင်ပြီး **အမှုချေဖျက်ခြင်းကိစ္စသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ရာဇဝတ်အထွေထွေမှုတွင် မူလဘူတအာဏာကို ကျင့်သုံးဆောင်ရွက်ရသည့် ကိစ္စဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်ကို** အထူးအယူခံခုံရုံးက ဖော်ထုတ်စိစစ်ခဲ့သည်။

လျှောက်ထားသူများက တာချီလိတ်မြို့နယ်တရားရုံးတွင် စစ်ဆေးနေသော အမှုချေဖျက်ပေးရန်ကိစ္စကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ **ရာဇဝတ်အထွေထွေမှု လျှောက်ထားရမည့်အစား အမှုတွဲချေဖျက်ခြင်းအာဏာအပ်နှင်းခြင်းမရှိသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅၊ ၄၃၉ တို့အရ စိစစ်ဆုံးဖြတ်ရန် ပြင်ဆင်မှု လျှောက်ထားခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပေးရန် မဖြစ်နိုင်ပေ** ဟူသော သုံးသပ်ချက်အပေါ် အထူးအယူခံခုံရုံးက အမှုချေဖျက်ပေးရန် လျှောက်ထားမှုအပေါ် ပြည်နယ်တရားလွှတ်တော်က ငြင်းပယ်သည့်အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ လျှောက်ထားသောပြင်ဆင်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကိုကျင့်သုံးဆောင်ရွက်ခွင့်ရှိ၊ မရှိ ပြဿနာပေါ်ပေါက်လာကြောင်း ဖော်ထုတ်စိစစ်ခဲ့ပါသည်။

တရားရုံး၏ ဆောင်ရွက်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန် လိုအပ်သည့်အခါတွင်သော်လည်းကောင်း၊ တရားမမျှတမှုမဖြစ်စေရန် လိုအပ်သည့်အခါတွင်သော်လည်းကောင်း၊ မျှတဖြောင့်မှန်သော အမိန့်တစ်ရပ်ချမှတ်ခြင်းပြုနိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကဖြင့် မူလဘူတအာဏာ (Inherent Power)ကို ဖြည့်စွက်ပေးထားခြင်းဖြစ်ကြောင်း အထူးအယူခံခုံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အယူခံမှု ပြင်ဆင်မှုအာဏာကို ကျင့်သုံးပိုင်ခွင့်ရှိသော တရားရုံးတစ်ရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို အပ်နှင်းခြင်းခံရသည့် တရားရုံးဖြစ်ပါက အယူခံ၊ ပြင်ဆင်အာဏာအပြင် လိုအပ်လျှင် တရားဖြောင့်မှန်ရာအတွက် တရားဖြောင့်မတ်မှုကို ဖော်ဆောင်နိုင်ရန် မူလဘူတအာဏာကိုပါ ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အမှုချေဖျက်ခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ ကို ရည်ညွှန်း၍ ရာဇဝတ်အထွေထွေမှု လျှောက်ထားစွဲဆိုဖွင့်လှစ်ဆောင်ရွက်ကြသည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က ကို ရည်ညွှန်းရခြင်းမှာ **အမှုတွဲချေဖျက်ခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် သီးခြားပြဋ္ဌာန်းချက်မရှိသောကြောင့် ဖြစ်ကြောင်း၊ အမှုချေဖျက်ရန် ကျင့်သုံးနိုင်သည့်အာဏာမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာ ဖြစ်သည်မှာ အငြင်းမပွားကြောင်း** အထူးအယူခံ ရုံးတော်က သုံးသပ်ခဲ့ပါသည်။

မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးတို့တွင် စွဲဆိုသော မူလမှုခင်းများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံး၍ အမှုချေဖျက်ပေးနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်သို့ **ရာဇဝတ်အထွေထွေမှု** လျှောက်ထားကြရသည်။ အဆိုပါလျှောက်ထားမှုအပေါ် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်က ငြင်းပယ်သည့်အမိန့်ချမှတ်ပါက အဆိုပါအမိန့်သည် **အယူခံတက်ရောက်နိုင်သော အမိန့်မျိုးတွင် အကျုံးမဝင်သည်မှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်မှုဖြင့် ဆက်လက် လျှောက်ထားဆောင်ရွက်မည်လား သို့မဟုတ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ ကို ပင် ရည်ညွှန်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်အထွေထွေမှု ထပ်မံလျှောက်ထားဆောင်ရွက်မည်လား** ရာဇဝတ်ကျင့်ထုံးဥပဒေအရ စဉ်းစားရန် အချက်ဖြစ်ပေါ်လာကြောင်း စိစစ်သုံးသပ်ခဲ့ပါသည်။

အကယ်၍ အဆိုပါငြင်းပယ်သည့်အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းလာသည်ဆိုပါက အဆိုပါပြင်ဆင်မှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ အထူးအယူခံရုံးတော်က ထပ်မံစိစစ်ခဲ့ပါသည်။

ပြင်ဆင်မှုဖြင့် တင်သွင်းလျှောက်ထားမှုများတွင်လည်း လမ်းညွှန်စီရင်ထုံးများအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးနိုင်ကြောင်း **မောင်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၁ ခုနှစ်၊ မတစ စာ-၈၉ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးမောင်သိန်းပါ ၃ ဦး ၂၀၀၂ ခုနှစ်၊ မတစ စာ-၄၀ တို့ကို** သာဓကထား၍ စိစစ်ဖော်ထုတ်ခဲ့ပါသည်။

သို့ဖြစ်ရာ ပြင်ဆင်မှုဖြင့် တင်သွင်းလျှောက်ထားမှုများတွင်လည်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံးနိုင်ကြောင်း ထင်ရှားသည်။ ရာဇဝတ်အထွေထွေလျှောက်ထားမှုအမျိုးအစားတွင်သာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က က မူလဘူတအာဏာကျင့်သုံးနိုင်သည်ဟု ကန့်သတ်ချက်မျိုး ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ထိုသို့ ကန့်သတ်မည်ဆိုလျှင်လည်း မူလဘူတအာဏာကျင့်သုံးနိုင်ရန် ပြဋ္ဌာန်းချက်နှင့် ရည်ရွယ်ချက်တို့မှာ အဟောသိကံ ဖြစ်ပေလိမ့်မည်ဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က၏ ပြဋ္ဌာန်းချက်၌ပင်လျှင် **မူလဘူတအာဏာကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်စုံတစ်ရာကမျှ ကန့်သတ်ခြင်း၊ ထိခိုက်ခြင်းပြုနိုင်မည်မဟုတ်ဟု ရှင်းလင်းထားပြီးဖြစ်ကြောင်း** အထူးအယူခံရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ပြင်ဆင်မှုရုံးတွင် ပြင်ဆင်မှုအာဏာကျင့်သုံးသည်မှာ မှန်သည်။ သို့သော် ပြင်ဆင်မှု အာဏာက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို အတားအဆီးပြု၍မရပေ။ အကန့်အသတ်ပြု၍မရပေ။ အချုပ်အချယ်ပြု၍ မရပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကို ကျင့်သုံးခွင့် အပ်နှင်းခြင်းခံရသော တရားရုံးသည် ထိုအာဏာကိုကျင့်သုံးရန် လိုအပ်သည့် အခြေအနေပေါ်ပေါက်ပါက ကျင့်သုံးခွင့်ရှိသည်သာဖြစ်ကြောင်း အထူးအယူခံရုံးတော်က ကျယ်ပြန့်စွာ ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ပြင်ဆင်မှုတွင် လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က မူလဘူတ အာဏာကို ကျင့်သုံးနိုင်ကြောင်း အထက်တွင် သာဓကပြဆိုပြီးဖြစ်သည်။ အမှုချေဖျက်ပေးရန် ဆိုသည်မှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကပါ မူလဘူတအာဏာအရ ဆောင်ရွက်နိုင်သည့် ဘောင်အတွင်း၌ပင်ဖြစ်ရာ **ပြင်ဆင်မှုပင်ဖြစ်စေကာမူ အမှုချေဖျက်ရန်အထောက်အထားပေါ်ပေါက်ပါက မူလဘူတအာဏာကိုကျင့်သုံးခွင့်ရှိသော တရားရုံးအနေဖြင့် ထိုအာဏာကို ကျင့်သုံး၍ ချေဖျက်ခွင့်ရှိရမည်သာဖြစ်သည်။ ချေဖျက်ခွင့်ရှိမည်လည်း ဖြစ်ကြောင်း** ရုံးတော်က စိစစ်ဝေဖန်ဆန်းစစ်ခဲ့ပါသည်။

သို့ဖြစ်၍ အမှုချေဖျက်ပေးရန်ကိစ္စကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ရာဇဝတ်အထွေထွေမှု လျှောက်ထားရမည့်အစား အမှုချေဖျက်ရန် အာဏာအပ်နှင်းခြင်းမရှိသည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၅၊ ၄၃၉ တို့အရ စိစစ်ဆုံးဖြတ်ရန် ပြင်ဆင်မှုလျှောက်ထားခြင်းအပေါ် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ပေးရန် မဖြစ်နိုင်ပေဟု သုံးသပ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း** အထူးအယူခံရုံးတော်က တိတိကျကျစိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်မှုတွင် ဆုံးဖြတ်ပေးရန်မဖြစ်နိုင်ဟု သုံးသပ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော်လည်း **အမှုတွင် ပေါ်ပေါက်နေသော အကြောင်းခြင်းရာအရ အမှုချေဖျက်ခြင်းမပြုဘဲ ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းမှာမူ မှားယွင်းခြင်းမရှိကြောင်း၊ ဤအထူးအယူခံမှုသည် အမှု၏ အရည်အသွေးကို ပြန်လည်သုံးသပ်ရန် ဖွင့်လှစ်ထားခြင်းလည်းမဟုတ်ကြောင်း** အထူးအယူခံခုံရုံးက ဖွင့်ဆိုခဲ့ပါသည်။

ထို့ကြောင့် ထုတ်နုတ်ထားသောပြဿနာနှင့် စပ်လျဉ်း၍ ပြည်နယ်တရားလွှတ်တော်က အမှုချေဖျက် ပေးရန် ငြင်းပယ်ခဲ့သည့် အမိန့်အပေါ် တင်သွင်းလာသည့် ပြင်ဆင်မှုတွင် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို ကျင့်သုံးခွင့်ရှိသည်ဟု ဖြေဆိုဆုံးဖြတ်လိုက်ပါသည်။**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သုံးသပ်ဆုံးဖြတ်ချက်အပေါ် အထူးအယူခံရုံးတော်က တည့်မတ်ပေးလိုက်ခြင်းသည် ဥပဒေဗဟုသုတများစွာ ရရှိခဲ့ပါကြောင်း **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဦးခင်မောင်မြင့်ပါ ၃ ၂၀၂၂ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှု အမှတ် ၇** ကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဟင်္သာတ ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက် ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအတွင်းက သီဟိုဠ်စေ့ ပိဿာချိန် ၃၅၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ပြည်ပဈေးကွက်ရှိလာတာကြောင့် သီဟိုဠ်စေ့တွေက တင်ပို့ရောင်းချမှု အားကောင်းလာတာ ဖြစ်ပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ဟင်္သာတမြို့ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေမှ ပြည်ပနိုင်ငံဈေးကွက်ကို အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရန်ကုန်ဈေးကွက်မှာလဲ အဝယ်လိုက်နေပါတယ်” ဟု ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ မှ ၆၃၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ သီဟိုဠ်စေ့ကို မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့် ခရိုင်များတွင် သီဟိုဠ်စေ့ စုစုပေါင်း ဧက ၆၅၀၀၀ ထိ အများဆုံး စိုက်ပျိုးထွက်ရှိကြောင်း၊ ဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပုသိမ်မြို့ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံများက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၀၂၆၂ ဧက ရိတ်သိမ်းပြီးစီး

**ထီးချိုင့် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၀ ဒသမ ၁၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

“နွေသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်အတွင်း စပါး ၁၀၂၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ နွေစပါးတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းကလဲ ကောင်းမွန်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ဖို့ အသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်” ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။



ယခုနှစ် ထီးချိုင့်မြို့နယ်တွင် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် နမ့်တုံး(လားဟူ)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မိုင်းရယ် ဇွန် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်တုံး(လားဟူ) ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်း ကျေးရွာရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုင်းရယ်မြို့နယ် နမ့်တုံး (လားဟူ)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သံဖြူဇရပ်မြို့နယ် ဝဲရက်ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**သံဖြူဇရပ် ဇွန် ၁၀**

မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲရက်ရွာသစ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက ဝဲရက်ရွာသစ်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝဲရက်ရွာသစ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝဲရက်ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူများ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်တင်ဝေနှင်းက ပြောပြ၍ သိရသည်။ **ကိုညို**

# စလင်းမြို့နယ် မြောက်ချောင်းဖြူကျေးရွာ၌ VRFP လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်ချောင်းဖြူကျေးရွာအုပ်စု မြောက်ချောင်းဖြူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဇွန် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ဖြည့်သွင်းထားမှု ရှိ၊ မရှိ၊ မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မြောက်ချောင်းဖြူကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုစတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု ၁၂၀ အတွက် ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကျွန်းစဉ်မြေစောခက်၏ ခယောင်းလမ်းမှပန်းတောင်တန်းသို့ စာအုပ်ကို လေ့လာကြည့်ခြင်း

ကျွန်းစဉ်မြေစောခက် ကျင်လည်ခဲ့ရသောဘဝ ဝန်းကျင်သည် မြန်မာ့မြေပြင်အနောက်ခြမ်းကမ်းရိုးတမ်းရှိ ကျောက်ဖြူမြို့နယ်၊ မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်တို့ဆုံရာ ပင်လယ်ဒီရေရောက် မြစ်ချောင်းများနှင့် ကျွန်းစဉ်ကျွန်းတန်းများပင်ဖြစ်ကြလေသည်။ မြေပြန့်လွင်ပြင်ဟူ၍ လုံးဝမရှိဘဲ ဒီရေရောက် မြစ်ချောင်းများ ခက်ဖြာယှက်နွယ်နေသော ရပ်ဝန်းပင်ဖြစ်လေသည်။

ဤဒေသ ဤနေရာဝန်းကျင်တွင် ကြီးထွားလာခဲ့သော မောင်ဘညွန့်(ကျွန်းစဉ်မြေစောခက်)သည် တံငါနားနီးတံငါဆိုသကဲ့သို့ ငယ်စဉ်က ရေလုပ်သားဘဝဖြင့် လူလားမြောက်ခဲ့ရလေသည်။ သူ့ဖခင်နှင့်အတူ ငါးဖမ်း၊ ပိုက်ပစ်ခြင်း၊ လှေလှော်ခြင်း၊ တက်ကိုင်ခြင်းလုပ်ငန်းများကိုလည်း ကျွမ်းကျင်ပိုင်နိုင်ခဲ့လေသည်။

သူ့ဘဝဇာတ်ကြောင်းတွင် သူ့ဖခင်နှင့်အတူ ငါးဖမ်းခြင်း၊ ပိုက်ကွန်ပစ်ခြင်းလုပ်ကိုင်ပုံများကို ဤသို့သရုပ်ဖော်ထားပါသည်။

"သားကြီး၊ လှေဦးပိုင်းကနေ ခတ်တက်ကို ဆွဲခတ်ပေးနော်"

ကျွန်တော်၏ တက်ခတ်အားကြောင့် လှေမှာ လှိုင်းတောထဲတွင် မရွေ့ချင်ရွေ့ချင်သွားနေသည်။ အဖေသည် ကျွန်တော့်ကို အားရပုံမပေါ်၊ မတ်တပ်ရပ်လျက် မြီးတံရှည်တက်မကို ရေထဲသို့နာနာနှိုက်ပြီး လှေပဲ့ဖျားမှ အားရပါးရ ဖိလှော်ပေးလိုက်၏။

"ပစ်. . ."

"ဗန်း"

အဖေပိုက်ချရန် အမိန့်ပေးလိုက်သည်ဆိုလျှင်ပဲ ပိုက်ချသမား ကိုစံထွားသည် ပိုက်လက်ဖျားဖော့ကြီးကို မြစ်ပြင်ထဲသို့ "ဗန်း"ခနဲ အသံမြည်အောင် ပစ်ချလိုက်လေတော့သည်။ ကျွန်တော်က ပိုက်ကိုဆွဲဆန့်နိုင်ရန်အတွက် လှေအသွားနှုန်းကောင်းအောင် ခတ်တက်ကို အားကုန်ညှစ်ကာ ရှေ့တိုးနောက်လန်ပြုပြီး ဆွဲခတ်ရသည်။ ပိုက်ချသမား ကိုစံထွားကလည်း ပိုက်သယ်ဖော့ကြီးများကို ပစ်ချလိုက်၊ ပိုက်များကို ပစ်ချလိုက်၊ ငါးခြောက်လှန့်ဖော့သေးသေးများကို ပစ်ချလိုက်နှင့်တော်တော်အလုပ်ရှုပ်နေ၏။ ပိုက်သူကြီး အဖေကလည်း ပိုက်လမ်းကြောင်းကောင်းအောင် လှေနောက်ဘက်မှ လှေကို ဖြောင့်ပေးရ၊ လှော်ပေးရနှင့် လုံးဝမနားရပေ။ ပိုက်သမားသုံးယောက်မှာ ပိုက်တစ်ဖောင်လုံး ပင်လယ်ရေပြင်ထဲချပြီးရေးအတွက် ကိုယ့်တာဝန်နှင့်ကိုယ် ထမ်းဆောင်နေကြရာ အဝေးက ကြည့်လျှင် ဇာတ်ကွက်တစ်ခုအတွက် သရုပ်ဖော်ကပြနေသကဲ့သို့ ဖြစ်နေပေမည်။

ရေလုပ်သားများ ပိုက်ချပုံ၊ ကွန်ပစ်ပုံကို ဆရာကျွန်းစဉ်မြေစောခက်က ပီပြင်စွာသရုပ်ဖော်ထားသကဲ့သို့ ပင်လယ်ရေအတက်အကျနှင့် ရေအောက်ရှိငါးများအခြေအနေကိုလည်း ဤသို့ ရေးသားထားပါသည်။

ရေနေငါးတို့၏သဘာဝအရ ရေကြီးရေထနေ့များဆိုလျှင် ဒီရေသည် သောင်လျှံကမ်းလျှံပြည့်လေ့ရှိသည်။ ရေတက်ကြမ်းသလို ရေကျလည်းကြမ်းသည်။ ဤအခြေအနေမျိုးတွင် ငါးအကောင်ကြီးကြီးများသည် ဒီရေနှင့်လိုက်ပြီး ဝေးဝေးလံလံသွားကာ အစာရှာဖွေစားသောက်ခြင်း၊ မျိုးထူးကြခြင်းတို့ရှိကြသည်။ ရေသေရေငြိမ်ရက်များတွင် ရေကြီးရေထရက်များကဲ့သို့ မျိုးထူးပြီး ဟိုဟိုဒီဒီ သွားလာကြခြင်းမရှိတော့ပေ။ သို့ဖြစ်၍ ရေအောက်ကြမ်းခင်းပြင်ရှိ ရေနက်အိုင်အတွင်း ကျောက်ပုံကျောက်တန်းများတွင် အနားယူပြီး ကျောက်ရိပ်ခိုလေ့ရှိကြသည်။ ဤသည်ကို နားလည်သော ပိုက်ကွန်သမားများသည် ရေသေနေ့များတွင် ကျောက်ကပ်ပိုက်ချလေ့ရှိကြသည်။

ရေလုပ်သားတို့သည် ရေတက်ချိန်၊ ရေကျချိန်၊ ရေသေချိန်တို့တွင် ပင်လယ်တွင်းမှ ငါးသဘာဝကို နားလည်တတ်ကျွမ်းကြောင်းကိုလည်း ဖော်ပြထားသည်။

ဆရာကျွန်းစဉ်မြေစောခက်သည် ဓနိကုန်သည်ဘဝဖြင့် ဓနိစည်းများကို လှေပေါ်တင်ကာ ခရီးထွက်ရန်ပြင်သည်။ သူ့လှေတွင် သူငယ်ချင်းများဖြစ်သော သိန်းနုအောင်နှင့် မြသိမ်းတို့က တက်ခတ်သမားအဖြစ် လိုက်ပါလာသကဲ့သို့ ခြောက်နှစ်အရွယ် သူ့ညီလေးကို အဖေနှင့် အစ်ကို၊ အစ်မများဆီ အလည်ရောက်စေချင်၍ ခေါ်လာခဲ့ခြင်းဖြစ်သည်။

သူတို့လှေလှော်ကြရင်း မှန်းချက်နှင့်နှမ်းထွက်မကိုက် ဖြစ်နေကြသည်။ ဝါးကောက်ချိုင်ကျွန်း၊ ဘဲစင်ခိုစင်ကျွန်းများနှင့် တဖြည်းဖြည်းနီးလာသည်။ သို့သော် သည်ကျွန်းများတွင် လူမရှိ၊ ရေမရှိ၊ စားစရာနတ္ထိ၊ ပင်လယ်ပြင်ထဲက သီးခြားကျွန်းကလေးများသာ၊ ငပသုန်ကျွန်းနှင့် ဝါးကောက်ချိုင်ကျွန်းကြားမှာ ထုံးကျီမြစ်ဝကျယ်က ကာဆီးနေသည်။ သည်မြစ်ဝကျယ်ကို ဖြတ်သန်းပြီးမှ ငပသုန်ကျွန်းသို့ရောက်မည်။

ဤအချိန် ပင်လယ်ဘက်က ဒီရေများ ပြန်တက်လာသည်။ ပင်လယ်သဘာဝအရ မွန်းတည့်သည်နှင့် ပင်လယ်လေများ တိုက်ခတ်လာပြီ။ လေကော၊ ရေပါ ဓနိလှေကို ဆန့်ကျင်ဘက်အရပ်များမှ တားဆီးနေပြီ။

"တို့ ဒီအတိုင်းသွားနေလို့မဖြစ်ဘူး။ ကလေးက တစ်နေကုန်ခံနိုင်မှာမဟုတ်ဘူး။ လှေကလဲ ရှေ့တိုးလို့မရတော့ဘူး။ ထုံးကျီမြစ်အထက်ပိုင်းမှာ တောင်ရှည်ရွာဆိုတာရှိတယ်။ အဲဒီကျွန်းဘက် ရွက်ကန့်လန့်တိုက်ကြမယ်"

"ဖြစ်ပါ့မလားဟ။ ရေနဲ့လေ တစ်ဖက်တည်းစီးနေတော့ ဘေးစောင်းကြီးခံနေမှာပေါ့"

"ရတယ် ရတယ် လုပ်တာလုပ်ပါ"

သိန်းနုအောင်က အတွေ့အကြုံရှိသောလှေသမား၊ သူကရတယ်ဆိုသောအခါ ထုံးကျီမြစ်ညာဘက်သို့ လှည့်ပေးလိုက်တော့သည်။ ရွက်အတွင်း လေဝင်စေရေးအတွက် ရွက်နုပ်ကြိုးများကို မြသိန်းနှင့် သိန်းနုအောင်တို့က ခပ်တင်းတင်းဆွဲပြီး လှေထုပ်တန်းတွင် ဆွဲချည်လိုက်ကြသည်။

"ကဲ ထုံးကျီမြစ်ကြောင်း ရေဆွဲရောက်ဖို့လိုတယ်။ နည်းနည်းတက်ကူပေးလိုက်ကြအုံး"

"ကဲ ကဲ ရပြီ။ ရပ်လိုက်ကြတော့ ရွက်ကို လေဝင်လာပြီ"

ဆရာကျွန်းစဉ်မြေစောခက်က ရွက်ကိုလေဝင်အောင် ပဲ့ကိုင်ပေးနေလေသည်။ နေကလည်း ပူပြင်းလှသည်။ ဤတွင် ရေတက်ကြမ်းလာပြီး လေကလည်း ပြင်းလာသည်။ ထိပ်ကွဲလှိုင်းခေါင်းဖြူများက ပြေးပြေးလွှားလွှား ရောက်လာကြသည်။ ဓနိလှေမှာ လှိုင်းသရမ်းများကို တစ်လုံးပြီးတစ်လုံး ကျော်နင်းရင်း ရှေ့သို့အင်အားရှိသရွေ့ တိုးနေပေသည်။

"ဟာ ဟဲ့ ဟဲ့ လှေစောင်းသွားပြီ၊ လှေစောင်းသွားပြီ၊ ဘယ်လိုလုပ်ကြမှာတုံး၊ လုပ်ကြပါအုံး"

မမျှော်လင့်ဘဲ ဓနိလှေ တိမ်းမှောက်ကာ ဓနိများ ရေတွင်မျောပါခဲ့သည်။ ညီလေးက ကြောက်လန့်ကာ သူ့ကို ခုန်၍ဖက်တွယ်ထားလိုက်သည်။ ညီလေး ခန္ဓာကိုယ်ကား တဆတ်ဆတ်တုန်နေသည်။ သိန်းနုအောင်နှင့် မြသိန်းတို့က ရွက်များကြိုးတန်းလန်းဖြစ်နေသဖြင့် နှုတ်ပစ်လိုက်ကြသည်။ သိပ်မကြာလှေမှာ အလေးချိန်ညီသွားပြီး ပြန်လည်တည့်မတ်သွားသည်။

ဓနိလှေဖြင့် ကုန်ကူးထွက်ခဲ့သည့် ကျွန်းစဉ်မြေစောခက်၏ ငယ်ဘဝဒုက္ခရောက်ခဲ့ပုံများကိုလည်း စိတ်ဝင်စားဖွယ် ရေးသားထားသည်ကို ဖတ်ရပါသည်။

> ❖ ရေလုပ်သားဘဝ၊ ဓနိကုန်သည်ဘဝ၊ ထင်းကုန်သည်ဘဝ၊ အင်္ကျီချောင်းသမားဘဝတို့မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုပါ ကြိုးစားဖြေဆိုခဲ့ရာ အောင်မြင်ပြီးနောက် သူဝါသနာပါသည့်ကျောင်းဆရာအလုပ်ကိုလုပ်ခဲ့သည်။ သရက်တောင်ရွာတွင် ကျောင်းဆရာလုပ်ရင်း စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲမတိုင်မီ ကြိုးစားသင်ကြားပုံကို ဤသို့ရေးသားထားပါသည်။ နွေရာသီစာမေးပွဲချိန်ရောက်တော့ ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီး စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူ ၆၂ ဦးကို မိဘများကိုယ်တိုင် လှေကလေးများအစီအရီဖြင့် ကမ်းထောင်းကြီးရွာသို့ သွားကြရသည်။ ❖

ရေလုပ်သားဘဝ၊ ဓနိကုန်သည်ဘဝ၊ ထင်းကုန်သည်ဘဝ၊ အင်္ကျီချောင်းသမားဘဝတို့မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုပါ ကြိုးစားဖြေဆိုခဲ့ရာ အောင်မြင်ပြီးနောက် သူဝါသနာပါသည့် ကျောင်းဆရာအလုပ်ကို လုပ်ခဲ့သည်။ သရက်တောင်ရွာတွင် ကျောင်းဆရာလုပ်ရင်း စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲမတိုင်မီ ကြိုးစားသင်ကြားပုံကို ဤသို့ရေးသားထားပါသည်။

နွေရာသီစာမေးပွဲချိန်ရောက်တော့ ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီး စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူ ၆၂ ဦးကို မိဘများကိုယ်တိုင် လှေကလေးများ အစီအရီဖြင့် ကမ်းထောင်းကြီးရွာသို့ သွားကြရသည်။ ရွာအစွန်သင်္ဘောဆိပ်ရပ်ကွက် မူလတန်းကျောင်းမှာပင် ကျောင်းအုပ်ဆရာကြီး၏ခွင့်ပြုချက်ဖြင့် တည်းခိုကြရသည်။ ကျောင်းသား၊ ကျောင်းသူလေးများကို ကိုယ့်အိပ်ရာနှင့်ကိုယ် နေရာပေးထားလိုက်သည်။ ထမင်းချက်ကျွေးမွေးခြင်းကို ကျောင်းသားမိဘတချို့ ကူညီဆောင်ရွက်ပေးရာ တော်တော်အဆင်ပြေသွားသည်။ ကျောင်းသူများသတ်သတ်၊ ကျောင်းသားများသတ်သတ် နေရာပေးထားရာ ကျောင်းသူများနှင့်အတူ မိခင်တို့က အတူအိပ်ကြသည်။ ဆရာက စာများပြန်နွှေးသင်ပေးသည်။ ကလေးများက သူတို့ဖယောင်းတိုင်လေးများနှင့်သူတို့ စာကျက်ကြသည်။

သကြ်ာန်အလွန် စာမေးပွဲအောင်စာရင်းထွက်တော့ သရက်တောင်ရွာအစိုးရမူလတန်းကျောင်းက ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ၆၂ ဦး ပျက်ကွက်သူမရှိ ဝင်ရောက်ဖြေဆိုကြရာ ၆၂ ဦးစလုံး အောင်မြင်ခဲ့သည်။ မြို့နယ်ပါတီယူနစ်မှ တန်းလုံးကျွတ်အောင်မြင်ရန် သင်ကြားပေးခဲ့သည့် ဆရာ၊ ဆရာမများကို ထူးချွန်ဆရာဆု ချီးမြှင့်ခဲ့သည်။

ထိုအချိန်က ဗကပများ ကြီးစိုးခဲ့ရာ ဒေသများရှိ ကျေးရွာများမှ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ရခဲ့သည်။ ထိုအခါ ဆရာဦးဘညွန့်(ကျွန်းစဉ်မြေစောခက်)ကို ဤဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် အထက်မှ ညွှန်ကြားလာသည်။

"ဆရာဦးဘညွန့်ဟာ သင်ကြားရေးအတွေ့အကြုံရှိတာရယ်၊ ဆရာစိတ်ရှိတာရယ်၊ ဒီနှစ်လဲ သရက်တောင် အခြေခံပညာမူလတန်းကျောင်းမှာ စတုတ္ထတန်းမှာ ၆၂ ယောက်စလုံး တန်းလုံးကျွတ်အောင်မြင်အောင် သင်ကြားပေးနိုင်ခဲ့တာတွေကြောင့် ဆရာ့ကို အားကိုးပြီး ပို့ရတာဖြစ်ပါတယ်။ ကြိုးစားပေးပါအုံး ဆရာရယ်"

ဤသို့ဖြင့် သရက်တောင်ရွာ မူလတန်းကျောင်းမှ ငန်းတောင်ရွာ မူလတန်းကျောင်းသို့ ရောက်ရှိခဲ့လေသည်။ တစ်နေ့ ငန်းတောင်ရွာမူလတန်းကျောင်းမှ တစ်ဆင့် မြေပုံမြို့နယ် အခြေခံပညာမူလတန်းကျောင်း စညွှင်းရွာသို့ မူလတန်းကျောင်းအုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရပြန်သည်။ စညွှင်းရွာတွင် နေ့စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ ဆရာဦးဘညွန့်သည် သူ့ရွာသို့ ပြန်လေ့ရှိသည်။

တစ်နေ့ ရွာသို့ရောက်သော် မနှင်းတစ်ယောက် မီးမဖွားနိုင်ဖြစ်နေသည်မှာ နှစ်ရက်နှင့်နှစ်ည ရှိပြီဖြစ်ကြောင်း သိရသည်။ အရပ်လက်သည်မှာ လက်မှိုင်ချနေပြီး နတ်ကတော်က ကလေးမွေးဖွားနိုင်ရန် နတ်သီချင်းဆိုပြီး မန်းမှုတ်နေသည်။

ဦးဘညွန့်က ဤလိုလုပ်နေ၍ မဖြစ်ကြောင်း၊ တိုက်နယ်ဆေးရုံသို့ အမြန်ပို့ရန်ပြောမှ လှေများစီစဉ်ပြီး ကမ်းထောင်းကြီးတိုက်နယ်ဆေးရုံသို့ ပို့ကြသည်။ ဆေးရုံရောက်တော့ ဒေါက်တာစိုးမြတ်ဆွေမှာမရှိ၊ အမ်းမြို့နယ် ဒါးလက်ချောင်းရှိ ဂြစ်ချောင်းရွာ ဘုန်းတော်ကြီးကျောင်းတိုင်ထူပွဲသို့ရောက်နေကြောင်း သိ၍ လူများလွှတ်ကာ ခေါ်ရသည်။ မွေးလူနာဆို၍ ဆရာက အမြန်လိုက်ခဲ့ကာ မနှင်းကို ဗိုက်ခွဲမွေးပေးခဲ့သည်။ သို့ဖြင့် မနှင်းကော ကလေးပါ ကျန်းမာလာခဲ့သည်။

ဗိုက်ခွဲမွေးခဲ့သည့်ကလေးမှာ နောင်အခါ ဒေါက်တာ တင်မြင့်ဦးအမည်ဖြင့် ထင်ရှားသော ဆရာဝန်တစ်ဦးဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စစ်တွေဆေးရုံကြီး၌ လက်ထောက်ဆရာဝန်၊ ၂၀၁၄ ခုနှစ်တွင် မင်းပြားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျိန္တလီတိုက်နယ်ဆေးရုံ၊ တောင်ကုန်မအီတိုက်နယ်ဆေးရုံ၊ ကျောက်တော်၊ ၂၀၂၀ ပြည့်နှစ်တွင် ရသေ့တောင်မြို့နယ် ဆရာဝန်ကြီးတာဝန်များ ထမ်းခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် နိုင်ငံတော်အဆင့်ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ရာတွင် စီမံထူးချွန်တံဆိပ်ရခဲ့ပါသည်။

ကျောင်းဆရာဦးဘညွန့်၏စေတနာ၊ တာဝန်သိမှုကြောင့် မနှင်းမှာ သေကံမရောက်ခဲ့ဘဲ သားကောင်းရတနာဒေါက်တာတင်မြင့်ဦးအဖြစ် လူနာများစွာကို ကယ်တင်နေသည့်ဆရာဝန်တစ်ဦးဖြစ်ခဲ့ပါသည်။

ဆရာဦးဘညွန့်(ကျွန်းစဉ်မြေစောခက်)သည် ကျောင်းဆရာဘဝနှင့်ရောင့်ရဲမနေဘဲ စာများရေးခဲ့ပါသည်။ သူရေးခဲ့သော "ကုသိုလ်အရောင်ဆိုးပေးပါ" လူငယ်ဝတ္ထုတိုပေါင်းချုပ်သည် ၂၀၀၆ ခုနှစ် စာပေဗိမာန်လူငယ်စာပေ ပထမဆုရကာ ၂၀၀၈ ခုနှစ်တွင် အမျိုးသားစာပေလူငယ်စာပေဆုရခဲ့ပါသည်။

စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆုများရရှိခဲ့ပြီး စာအုပ်ပေါင်း ၄၀ ထုတ်ဝေပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခုအခါ ဆရာကျွန်းစဉ်မြေစောခက်သည် ခယောင်းလမ်းမှ ပန်းတောင်တန်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

**ကိုးကား**

- **ကျွန်းစဉ်မြေစောခက်၏ ခယောင်းလမ်းမှ ပန်းတောင်တန်းသို့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာအုပ်မှ**

ပုသိမ်အောင်သန်းဦး

# မြင့်မားသောအပူဒဏ်ကို ခံစားနေရသောနိုင်ငံများ

ခိုင်ဇင်

ကမ္ဘာကြီးပူနွေးလာမှုဆိုတာ ကမ္ဘာ့မြေမျက်နှာပြင်နဲ့ လေထုအတွင်း အပူချိန်တဖြည်းဖြည်းမြင့်တက်လာတာကြောင့် ဖြစ်တယ်။ နေက ဖြာထွက်တဲ့ရောင်ခြည်တွေဟာ ကမ္ဘာမြေမျက်နှာပြင်ပေါ်ကို ကျရောက်တဲ့အခါ အဲဒီရောင်ခြည်ထဲက အချို့ကို ကမ္ဘာမြေပြင်ကစုပ်ယူထားပြီး အချို့ရောင်ခြည်တွေကတော့ အပူလှိုင်း အနီအောက်ရောင်ခြည်အဖြစ် ပြောင်းလဲသွားပါတယ်။ အဲဒီအပူလှိုင်းတွေကို လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်အောက်ဆိုက် စတဲ့ဓာတ်ငွေ့တွေကစုပ်ယူပြီး လူ ၊တိရစ္ဆာန်နဲ့ သစ်ပင်တို့ရှင်သန်နေထိုင်ဖို့ သင့်တင့်မျှတတဲ့အပူဓာတ်ကို ရရှိစေပါတယ်။ အဲဒီဓာတ်ငွေ့တွေဟာ ကမ္ဘာကြီးကိုပူနွေးစေတဲ့ဖန်လုံအိမ်ဓာတ်ငွေ့တွေကို ထွက်လာစေပါတယ်။ ကမ္ဘာပေါ်မှာ စက်မှုနည်းပညာတွေတိုးတက်လာတဲ့အချိန်ကစတင်ပြီး စက်ရုံ၊ အလုပ်ရုံ၊ စက်တပ်ယာဉ်တွေ များပြားလာတာကြောင့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့ စတဲ့ ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေဟာ တစ်နှစ်ထက် တစ်နှစ်ပိုမိုလိုအပ်လာခဲ့ရာကနေ လေထုအတွင်း ကာဗွန်လို ဖန်လုံအိမ်ဓာတ်ငွေ့တွေက အဆမတန် များပြားလာခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတွေဟာ ဖြစ်တည်တဲ့ လတ္တီတွဒ်အပေါ် မူတည်ပြီး လေထုတွင်းအပူချိန်တွေ ကွာခြားကြပါတယ်။ ဆိုလိုတာက အီကွေတာနဲ့နီးတဲ့နိုင်ငံတွေက နေရောင်ခြည် ပိုမိုရရှိတဲ့အတွက် ပူပြင်းမှုဒဏ်ကို ပိုခံကြရပြီး အီကွေတာနဲ့ဝေးရင် အပူဒဏ်ခံရမှုသက်သာပါတယ်။ သမုဒ္ဒရာမျက်နှာပြင်နဲ့ နီးကပ်တဲ့နိုင်ငံတွေကလဲ အပူဒဏ်ကို သိပ်မခံရပါဘူး။ အကြောင်းက သမုဒ္ဒရာထဲကရေတွေက အပူကိုစုပ်ယူပေးတာကြောင့်ပါ။ အခုဖော်ပြပေးသွားမှာကတော့ Data Pandas ရဲ့ လေ့လာထားတဲ့အချက်အလက်တွေကို ကိုးကားပြီး ကမ္ဘာပေါ်ရှိ အပူချိန်ဒဏ်မြင့်မားတဲ့ နိုင်ငံတွေအကြောင်းပဲဖြစ်ပါတယ်။



**မာလီနိုင်ငံ**

မာလီနိုင်ငံဟာ အာဖရိကအနောက်ဘက်ရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး နိုင်ငံရဲ့နေရာဒေသအများစုဟာ အပူပိုင်းမြက်ခင်းလွင်ပြင်တွေနဲ့ သဲကန္တာရတွေဖြစ်ပါတယ်။ နိုင်ငံဟာကျယ်ပြောပြီး အပူလွန်ကဲသလို ရေလဲ အလွန်ရှားပါးပါတယ်။ နိုင်ဂျာမြစ်ဟာ နိုင်ငံရဲ့အတွင်းပိုင်းကို ဖြတ်သန်းစီးဆင်းလျက်ရှိတာကြောင့် အဓိကကုန်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးအတွက် အရေးပါပါတယ်။ နိုင်ဂျာမြစ်ဟာ တစ်ခါတစ်ရံ ရေလျှံတတ်ပေမဲ့ စိုက်ပျိုးမြေတွေအတွက် လိုအပ်တဲ့ မြေဆီမြေဩဇာတွေကို မြစ်ကမ်းတစ်လျှောက်မှာရရှိနိုင်သလို တိရစ္ဆာန်တွေအတွက် စားကျက်များဖန်တီးပေးနိုင်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာ မိုးခေါင်တာနဲ့ ပူပြင်းခြောက်သွေ့တာတွေအပြင် ပဋိပက္ခတွေဒဏ်ကိုပါ မာလီနိုင်ငံအနေဖြင့် ခံစားနေရပါတယ်။



**ဘာကီနာဖာဆိုနိုင်ငံ**

အာဖရိကအနောက်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံ ဘာကီနာဖာဆိုနိုင်ငံဟာ ကျယ်ပြန့်တဲ့ကုန်းပြင်မြင့်ရှိတဲ့ နိုင်ငံဖြစ်ပြီး နိုင်ငံရဲ့ပထဝီဝင်အနေအထားကို ပြောရမယ်ဆိုရင် မြောက်ဘက်မှာ မြက်ပင်တွေ ပေါများစွာပေါက်ရောက်ကာ တောင်ဘက်ပိုင်းမှာတော့ သစ်တောတွေ တဖြည်းဖြည်းကျဲလာပြီး အပူပိုင်းမြက်ခင်းလွင်ပြင်တွေ ဖြစ်လာပါတယ်။ ဘာကီနာဖာဆိုနိုင်ငံရဲ့ မြောက်ဘက်နဲ့ အနောက်ဘက်မှာ မာလီနိုင်ငံ၊ အရှေ့မြောက်ဘက်မှာ နိုင်ဂျာနိုင်ငံ၊ အရှေ့တောင်ဘက်မှာ ဘီနင်နိုင်ငံနဲ့ တောင်ဘက်မှာ ဂါနာနိုင်ငံ၊ တိုဂိုနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ ဘာကီနာဖာဆိုနိုင်ငံဟာ အပူချိန် ၄၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ အပူချိန်မြင့်တတ်ခဲ့ဖူးပါတယ်။ အခုနှစ် ဧပြီ ၁ ရက်ကနေ ၅ ရက်နေ့ကလဲ ဘာကီနာဖာဆိုနိုင်ငံမှာ ၄၅ ဒီဂရီစင်တီဂရိတ် အထက် အပူချိန်မြင့်တတ်ခဲ့တယ်လို့ ကမ္ဘာ့မိုးလေဝသခန့်မှန်းချက် (WWA)က ဖော်ပြခဲ့ပါတယ်။



**ကေရီဘာတီနိုင်ငံ**

ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းရှိ ကျွန်းနိုင်ငံဖြစ်တဲ့ ကေရီဘာတီနိုင်ငံကို ကျွန်းပေါင်း ၃၃ ကျွန်းနဲ့ ဖွဲ့စည်းထားပြီး လူတကယ်နေတဲ့ကျွန်းကတော့ ၂၀ လောက်သာရှိပါတယ်။ ကေရီဘာတီနိုင်ငံမှာ ပူအိုက်စွတ်စိုတဲ့အပူပိုင်းရာသီဥတုရှိပြီး နိုင်ငံအတွင်း လေထုအပူချိန်ဟာ ပတ်ဝန်းကျင်သမုဒ္ဒရာအတွင်းရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် နီးကပ်စွာဆက်စပ်နေပြီး တောင်ပစိဖိတ်ဒေသပေါင်းဆုံရပ်ဝန်းနှင့် အပူပိုင်းဒေသပေါင်းဆုံဇုန်တို့က ကေရီဘာတီနိုင်ငံကို လွှမ်းမိုးထားပါတယ်။



**ဂျီဘူတီနိုင်ငံ**

အာဖရိကဦးချိုရဲ့ အရှေ့မြောက်ဘက်ကမ်းရိုးတန်းမှာ ဂျီဘူတီနိုင်ငံ တည်ရှိပါတယ်။ နိုင်ငံရဲ့အရှေ့ဘက်မှာ အင်းဒီစ်ပင်လယ်ကွေ့က ပင်လယ်နီကို ပိုင်းခြားထားပါတယ်။ ဂျီဘူတီနိုင်ငံမြောက်ဘက်မှာ အီရစ်ထရီးယား၊ အနောက်ဘက်နဲ့ အနောက်တောင်ဘက်မှာ အီသီယိုးပီးယား၊ တောင်ဘက်မှာ ဆိုမားလီးယားတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ ဂျီဘူတီနိုင်ငံဟာ တာဒ်ဂျိုရာပင်လယ်ကွေ့ရဲ့ မြောက်ပိုင်းမှာတည်ရှိပြီး နိုင်ငံရဲ့ တောင်တန်းဒေသတွေကလွဲပြီး တစ်နိုင်ငံလုံးက အပူပိုင်းခြောက်သွေ့တဲ့ ကန္တာရတစ်ပိုင်းရာသီဥတုရှိပါတယ်။

**တူဗာလူနိုင်ငံ**

ပစိဖိတ်သမုဒ္ဒရာအနောက်အလယ်ပိုင်းရှိ နိုင်ငံဖြစ်တဲ့တူဗာလူနိုင်ငံဟာ ပြန့်ကျဲနေတဲ့သန္တာကျွန်းငယ်လေး ကိုးကျွန်းနဲ့ ဖွဲ့စည်းထားတာ



ဖြစ်ပါတယ်။ အဲဒီကျွန်းငယ်တွေထဲမှာ အနုမြူကျွန်းတွေနဲ့ သန္တာကျောက်တန်းတွေပါဝင်ပါတယ်။ ကျွန်းတွေဟာ မြေနိမ့်ပိုင်းတွေမှာတည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၃ ပေကနေ ၁၆ ပေသာ မြင့်ပါတယ်။ မြစ်တွေမရှိတာကြောင့် ရေကို မိုးရေလှောင်ကန်တွေနဲ့ ရေတွင်းတွေသည်သာ တစ်ခုတည်းသော ရေချိုအရင်းအမြစ်ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ အပူဆုံးနိုင်ငံစာရင်းဝင်နိုင်ငံဖြစ်တဲ့ တူဗာလူနိုင်ငံဟာ ကုန်းမြေဧရိယာ ၂၆ စတုရန်းကီလိုမီတာသာရှိတဲ့ ကျွန်းနိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ရာသီဥတုဟာ ခြောက်သွေ့ပူပြင်းပြီး လေထန်ပါတယ်။ ဒါ့ပြင် တူဗာလူနိုင်ငံရှိ ဒေသအများစုဟာလဲ တစ်နှစ်ပတ်လုံးမိုးရွာသွန်းမှုအနည်းဆုံး ဖြစ်ပါတယ်။



**ဆီနီဂေါနိုင်ငံ**

ဆီနီဂေါနိုင်ငံဟာ အာဖရိကတိုက်ရဲ့ အနောက်ဘက်အကျဆုံးနေရာမှာ တည်ရှိပြီး လေကြောင်းနဲ့ ရေကြောင်းခရီးပါသွားနိုင်တဲ့ ဆီနီဂေါနိုင်ငံကို "အာဖရိကသို့ တံခါးပေါက်" ဟု လူသိများကြပါတယ်။ နိုင်ငံမှာ ဟိုတစ်စ ဒီတစ်စ မြက်ခင်းပြင်၊ သမုဒ္ဒရာကမ်းစပ်နဲ့ အပူပိုင်းမိုးသစ်တောများပေါင်းစည်းရာ ဂေဟစနစ်နယ်နိမိတ်တွင် တည်ရှိသည်။ ထိုသို့ မတူကွဲပြားသောပတ်ဝန်းကျင်တွေ ဝန်းရံထားတဲ့အပြင် ဆီနီဂေါနိုင်ငံ မြောက်ဘက်နဲ့ အရှေ့မြောက်ဘက်မှာ မော်ရီတေးနီးယားနိုင်ငံနဲ့ အရှေ့ဘက်မှာ မာလီနိုင်ငံ၊ တောင်ဘက်မှာ ဂီနီနဲ့ ဂီနီဘစ်ဆော၊ အနောက်ဘက်မှာ အတ္တလန္တိတ်သမုဒ္ဒရာတို့ ရှိပါတယ်။ ဒါ့ပြင် ဆီနီဂေါနိုင်ငံရဲ့ရာသီဥတုဟာ အမြဲပူနွေးနေပြီး ၂၀၀၂ ခုနှစ် မေလက အမြင့်ဆုံးအပူချိန်ဖြစ်ပွားခဲ့ပြီး ၅၀ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ထိ ရှိခဲ့ပါတယ်။

သိပ္ပံနည်းကျအထောက်အထားတွေအရ ကမ္ဘာမြေကြီးတစ်ခုလုံးဟာ အရင်ကထက် ပိုပူလာပြီး လက်ရှိမှာ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းဟာ အပူဆုံးမှ အအေးဆုံးဖြစ်ရပ်တွေ ရင်ဆိုင်နေရတဲ့နိုင်ငံတွေဟာ ပိုမိုလွန်ကဲတဲ့ရာသီဥတုဖြစ်စဉ်တွေကို ရင်ဆိုင်နိုင်ရခြေရှိကြောင်း အမေရိကန်နိုင်ငံ အမျိုးသားသမုဒ္ဒရာနှင့်လေထုစီမံခန့်ခွဲရေး (NOAA) ၏အဆိုအရ သိရပါတယ်။ လေ့လာမှုတွေအရ လူသားတို့ရဲ့မဆင်မခြင်လုပ်ဆောင်မှုတွေများလေလေ အခုထက် အပူဒဏ်ကို ပိုခံရလေလေပင်ဖြစ်ပေမည်။ အပူဆုံးနိုင်ငံတွေစာရင်းထဲမှာ မိမိတို့နိုင်ငံမပါလာစေရေးအတွက် လူသားတွေအနေနဲ့ ကမ္ဘာကြီးကို လေထု၊ ရေထုနဲ့ မြေထုညစ်ညမ်းမှုဒဏ်ကနေ ပိုမိုထိန်းသိမ်းကာကွယ်တာက ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးနိုင်မည်ဖြစ်တဲ့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

–Hottest Countries in the World 2024.

–Which country has the highest temperature in the world by Data Pandas.

# အာရှအလယ်ပိုင်းနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေး တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ



**ပေကျင်း ဇွန် ၁၁**

အာရှအလယ်ပိုင်း နိုင်ငံငါးနိုင်ငံဖြစ်သော ကာဂျစ်စတန်၊ ကာဇက်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မန်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့၏ သဘာဝဘေး အန္တရာယ် လျော့ပါးရေးအတွက် ဘေးအန္တရာယ် တုံ့ပြန်မှုလုပ်ငန်းများကိုမြှင့်တင်သည့် ယန္တရားတစ်ခုကို တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံ အရေးပေါ်တုံ့ပြန်ရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။

အာရှအလယ်ပိုင်း နိုင်ငံငါးနိုင်ငံ၏ရေကြီးမှု၊ ငလျင်နှင့် အခြားဘေးအန္တရာယ်များကို လျော့ပါးစေရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံကကူညီ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေး နိုင်ငံအနောက်ပိုင်း Urumqi မြို့တွင် နိုင်ငံခြောက်နိုင်ငံမှ အရေးပေါ်တုံ့ပြန်ရေး အေဂျင်စီ အကြီးအကဲများသည် မေ ၃၁ ရက်တွင် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ စာချုပ်အရ သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရန်နှင့် ပိုမိုထိရောက်သော သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအစီအစဉ်များ ဖော်ဆောင်နိုင်ရန် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါယန္တရားသည် နိုင်ငံခြောက်နိုင်ငံစလုံး အပြန်အလှန်အကျိုးရှိပြီး လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်းဖြစ်စေမည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘဏ်၏ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ တစ်စောင်အရ အာရှအလယ်ပိုင်း နိုင်ငံများ၌ အထူးသဖြင့် ရေကြီးမှု၊ မြေပြိုမှုနှင့် ငလျင်လှုပ်မှုတို့ကဲ့သို့ သဘာဝဘေးအန္တရာယ်များကို အလွန်အမင်းကြုံတွေ့ခဲ့ရပြီး နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ခံရသူ လူဦးရေ တစ်သန်းခန့်နှင့် ငလျင်ဒဏ်ခံရသူ နှစ်သန်းခန့်ရှိကြောင်း ဖော်ပြထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ဗီယက်နမ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် မြေပြိုကျမှုဖြစ်ပေါ်ပြီး လူသုံးဦး သေဆုံး

**ဟန္နိုင်း ဇွန် ၁၁**

ဗီယက်နမ်နိုင်ငံမြောက်ဘက်ပိုင်း Ha Giang စီရင်စုတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီးနောက် မြေပြိုကျမှုများလည်းဖြစ်ပေါ်ခဲ့ပြီး လူသုံးဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ဟန္နိုင်းမြို့အပါအဝင် Ha Giang စီရင်စုတွင် လူနေအိမ်ခြေထောင်နှင့်ချီ၍ ရေလွှမ်းနေပြီး ဒေသခံတချို့မှာ နေအိမ်ရေလွှမ်းနေသည့်အတွက်ကြောင့် အိမ်ခေါင်မိုးပေါ်ထိတက်ကာ ကယ်ဆယ်ရေးဝန်ထမ်းများ၏ ကယ်ဆယ်မှုကို စောင့်မျှော်နေရကြောင်း သိရသည်။

Ha Giang စီရင်စုရှိ Ha Giang မြို့မှာ ရေဘေးအန္တရာယ်အပြင် မြေပြိုကျမှုပြဿနာဖြင့် အဓိက ရင်ဆိုင်နေရခြင်းဖြစ်ပြီး ၎င်းမြို့သည် တောင်ကုန်းတောင်တန်း ထူထပ်သကဲ့သို့ အပျော်တမ်း စက်ဘီးစီးသမားများ နေ့စဉ်စက်ဘီးလေ့ကျင့်ခန်းပြုလုပ်မှုများ နေ့စဉ်ပြုလုပ်နေသည့် နေရာလည်းဖြစ်ကြောင်း၊ ၎င်းနေရာတွင် မြေပြိုကျမှုဖြစ်ပေါ်နေသည့်အတွက် လမ်းများကို ယာယီပိတ်ထားရပြီး အပျော်တမ်း စက်ဘီးစီးခြင်းကိုလည်း ယာယီတားမြစ်ထားကြောင်း၊ ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုကြောင့် Ha Giang မြို့သို့ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်ဦးရေ ၄၀၀ ကျော်ကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

ရေဘေးအန္တရာယ်နှင့်မြေပြိုကျမှုများကြောင့် လမ်းမကြီးများပျက်စီးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ လိုမြစ်ဝှမ်းမြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေသောကြောင့်လည်း ရေဘေးအန္တရာယ်မှာအခြေအနေပိုမိုဆိုးရွားနေခြင်းဖြစ်ကြောင်း သိရသည်။

Hai Phong စီရင်စုနှင့် Quang Ninh စီရင်စုတို့တွင်လည်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ယူနက်စကို၏စာရင်းဝင် Ha Long Bay တွင်လည်း ရေဘေးအန္တရာယ်ဖြစ်ပေါ်နေကြောင်း ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ မိုးလေဝသ သဘောသဘာဝအရ ဇွန်လမှ နိုဝင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းလေ့ရှိသကဲ့သို့ ရေဘေးအန္တရာယ်ဖြင့်လည်း နှစ်စဉ်ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# လေထုညစ်ညမ်းမှုကြောင့် နှစ် ၄၀ အတွင်း ကမ္ဘာတစ်ဝန်း အရွယ်မတိုင်မီသေဆုံးသူ ၁၃၅ သန်းခန့်ထိရှိနေ

**စင်ကာပူ ဇွန် ၁၁**

ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုများနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်နေသည့် ရောဂါဝေဒနာများကြောင့် အရွယ်မတိုင်မီ သေဆုံးသူ ၁၃၅ သန်းခန့်ထိရှိနေကြောင်း စင်ကာပူနိုင်ငံ Nanyang Technological University (NTU) သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Nanyang Technological University (NTU) သုတေသီများက လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီ သေဆုံးခဲ့ခြင်းနှင့်ပတ်သက်ပြီး ၁၉၈၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ် နှစ် ၄၀ အတွင်း သေဆုံးမှုစာရင်းများကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသေဆုံးသူများအနက် အများစုမှာ လူသားတို့၏လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာသောလေထုညစ်ညမ်းမှုနှင့်ဆက်စပ်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

“ကျွန်တော်တို့ရဲ့ သုတေသနရလဒ်တွေအရ ရာသီဥတုဖောက်ပြန်မှုတွေဟာလဲ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်လာစေနိုင်ပါတယ်။ အယ်နီညိုတို့လို ရာသီဥတုတွေဟာ လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ မြင့်တက်စေပါတယ်။ ကမ္ဘာ့လူသားတွေရဲ့ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လေထုညစ်ညမ်းမှု လျှော့ချရေးကိစ္စရပ်တွေကို အမြန်ဆုံးဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်”ဟု NTU သုတေသီများအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စတိဖ်ယင်မ်က ပြောကြားခဲ့သည်။



သုတေသန ရလဒ်များအရ အရွယ်မတိုင်မီ သေဆုံးသူအများစုမှာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ ဖြစ်ကြောင်း၊ ၎င်းနိုင်ငံများ၏နောက်တွင် ပါကစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများတွင် သေဆုံးသူ အရေအတွက်မှာ နှစ်သန်းမှ ငါးသန်းကြားရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကော်စတာရီကာနိုင်ငံတွင် ယခုနှစ်တောမီးရာသီက ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးဖြစ်ခဲ့ပြီး မြေဟက်တာ ၂၇၈၆၅ ခန့် တောမီးလောင်ကျွမ်းခဲ့

**ဆန်ဂျို့စ် ဇွန် ၁၁**

ကော်စတာရီကာနိုင်ငံတွင် တောမီးရာသီ ကုန်ဆုံးသွားပြီဖြစ်သော်လည်း ယခုနှစ် လောင်ကျွမ်းခဲ့သော တောမီးသည် ဆယ်စုနှစ်တစ်ခုကျော်အတွင်း အဆိုးရွားဆုံးဖြစ်ခဲ့ပြီး အရေးပေါ်အခြေအနေ ၁၄၁ ခုတွင် မြေဟက်တာ ၂၇၈၆၅ ခန့် တောမီး လောင်ကျွမ်းခဲ့ကြောင်း ကော်စတာရီကာမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၁၀ ရက် သတင်းများအရ သိရသည်။

ကော်စတာရီကာနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုရာသီသည် မတ်လတွင် အမြင့်ဆုံးဖြစ်ပြီး ၂၀၂၃ ခုနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက တောမီးလောင်ကျွမ်းမှု သုံးဆခန့် တိုးလာကြောင်း၊ အထူးသဖြင့် ဂွါနာကက်စ်ပြည်နယ်၌ ယခုနှစ် တောမီးရာသီတွင် တောမီးလောင်ကျွမ်းမှု ၉၂ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြင့်မားသောအပူချိန်၊ လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုမရှိခြင်းတို့ကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုထိုင်းဆကျဆင်းခြင်းနှင့် ခြောက်သွေ့သောလေများ တိုက်ခတ်ခြင်းကလည်း တောမီးလောင်ကျွမ်းမှုကို ပိုမိုဖြစ်ပွားစေကြောင်း ကော်စတာရီကာ မီးသတ်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နှစ်နှင့်ချီ၍ ကြာမြင့်နိုင်ကြောင်း၊ သစ်ပင်ပန်းမန်နှင့် တိရစ္ဆာန်များသာမက လူတို့အတွက်ပါ ဆိုးရွားစွာ အန္တရာယ်ရှိနေကြောင်းလည်း သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်ဝန်ကြီး Franz Tattenbach က သတိပေးပြောကြားထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# အိန္ဒိယနိုင်ငံတွင် လက်ရှိရင်ဆိုင်နေရသည့်အပူလှိုင်းက သမိုင်းတစ်လျှောက် ကာလအရှည်ဆုံး ဖြတ်သန်းခဲ့သောအပူလှိုင်းအဖြစ် မှတ်တမ်းဝင်

**နယူးဒေလီ ဇွန် ၁၁**

အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်နေရပြီး လက်ရှိရင်ဆိုင်နေရသည့် အပူလှိုင်းသည် သမိုင်းတစ်လျှောက် ကာလအရှည်ကြာဆုံးဖြတ်သန်းခဲ့သော အပူလှိုင်းအဖြစ် မှတ်တမ်းဝင်နေကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်း ဖြတ်သန်းမှုမှာ ဆက်လက်ရှည်ကြာသွားနိုင်ပြီး အပူချိန် မြင့်တက်မှုပမာဏမှာလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် မေလအလယ်ပိုင်းမှစတင်၍ အပူလှိုင်းဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး အပူချိန်မြင့်တက်မှုမှာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ အပူချိန် မြင့်တက်မှုကြောင့်လည်း သေဆုံးသူမြင့်မားလျက်ရှိပြီး အပူလှိုင်းဖြတ်သန်းမှုမှာ ဆက်လက်ကာလရှည်ကြာသွားနိုင်သည့်အတွက် အပူချိန်မြင့်တက်ချိန် လိုက်နာဆောင်ရွက်သွားရမည့်သတိပေးချက်များကို ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်များ အဆက်မပြတ်ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

“လက်ရှိ အိန္ဒိယနိုင်ငံမှာဖြတ်သန်းနေတဲ့ အပူလှိုင်းဟာ မေလအလယ်ပိုင်းကနေ စတင်ခဲ့တာဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းတာဟာ ရက်ပေါင်း ၂၄ ရက်တိုင်တိုင်ကြာမြင့်နေပြီဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ မတူညီတဲ့ဒေသတွေမှာ ဖြတ်သန်းနေတာလဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ သမိုင်းတစ်လျှောက် အပူလှိုင်းဖြတ်သန်းမှု ကာလအရှည်ကြာဆုံးအဖြစ်လဲ မှတ်တမ်းဝင်နေတယ်။ အပူလှိုင်းဖြတ်သန်းမှုဟာ ရပ်ဆိုင်းသွားဖွယ်မရှိသလို ကာလရှည်ဆက်လက်ဖြတ်သန်းနိုင်တဲ့အတွက် အပူချိန်မြင့်တက်မှုဟာလဲ အခြေအနေဆိုးရွားလာနိုင်တယ်”ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာပါသရာက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ








ရရှိနိုင်သောဝန်ဆောင်မှုများ
ဖိုရမ်များ ၊ ဆွေးနွေးပွဲများ ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ ၊ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ
၇၈ လမ်း နှင့် ၃၈ လမ်းထောင့် ၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh



နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ ချန်ပီယံ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော ဦးငြိမ်းချမ်းသူ ၏သား မောင်ကောင်းခန့်သူ အား မောင်မင်းချမ်းငြိမ်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းချမ်းငြိမ်း**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ CEA ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော မဂျူးဂျူးစံ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ငွေလွင် ဖြစ်ပါကြောင်း။

**ဦးအောင်ငွေလွင်(၅/ဝလန(နိုင်)၁၁၄၀၄၉)**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝါးတန်းတောင်ရပ်အတွင်းရှိ အရှေ့လားသော် ဒူးကြားမြေအစပ် (တောင်မြောက် ၅၇ ပေ ၉ လက်မ) အနောက်လားသော် ရေဦးကျောင်းလမ်းမြေအစပ် (တောင်မြောက် ၆၁ ပေ)၊ တောင်လားသော် ဒူးကြားလမ်းအစပ် (ရှေ့နောက် ၈၂ ပေ ၉ လက်မ)၊ မြောက်လားသော် ဦးဝင်းကောက်-ဒေါ်ငွေးငွေးရီ မြေအစပ် (ရှေ့နောက် ၈၀ ပေ ၁၀ လက်မ) မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံး လက်ဝယ်ပိုင်ဆိုင်သူ (၁) ဒေါ်ကျင်ရီ (ဘ) ဦးပါငယ် (၁၀/သထန(နိုင်)၀၀၄၁၁၃)၊ (၂) ဒေါ်ခင်မြင့်ရီ(ဘ)ဦးပါငယ် (၉/အမရ(နိုင်)၀၁၅၆၃၉)၊ (၃) ဦးမြင့်ထူး(ဘ)ဦးပါငယ်(မရှိ)၊ (၄) ဒေါ်ယဉ်မင်း(ဘ) ဦးမျိုးမြင့် (၉/အမရ(နိုင်)၀၉၅၁၀၈)၊ (၅) မအေးသူအောင်(ဘ)ဦးဆန်းနောင် (၉/အမရ(နိုင်)၁၃၀၀၄၆)တို့ထံမှ ဦးစိုးထက်အောင်(ဘ)ဦးသန်းမြင့် (၉/အမရ(နိုင်)၁၂၃၃၈၉) က ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါရက်စွဲမှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်မှုရရှိရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးထက်အောင်(ဘ)ဦးသန်းမြင့်**
**၉/အမရ(နိုင်)၁၂၃၃၈၉**
**09-400548548 , 09-977219130**

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၄)၊ ဦးပိုင်အမှတ် (၈၆) သည် ဒေါ်မြဝင်း (ဘ) ဦးစံမြိုင် (၅/မရန(နိုင်)၀၉၄၄၃၁) မှ ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းများမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြဝင်း(၅/မရန(နိုင်)၀၉၄၄၃၁)**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အားမာန်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော ဦးမင်းမော်ဟန် ၏သား မောင်စစ်မင်းဟန် အား မောင်ကောင်းညဏ်သော် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းညဏ်သော်**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်




သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိ...

❖ စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို...

❖ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်**

စာမျက်နှာ - ၁၇

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ



၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၁**

၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၄ ခုနှစ် ဧပြီနှင့် မေလတို့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် တစ်နိုင်ငံလုံးအတွက် တစ်ပြိုင်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသည်။

ထိုသို့ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကင်းလှည့်ရေယာဉ်ခြောက်စီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပပြုလုပ်

စာမျက်နှာ - ၂၀

ကယားပြည်နယ် အစိုးရအဖွဲ့က ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

စာမျက်နှာ - ၂၂

မန္တလေး မြို့နယ် ခြောက်မြို့နယ်တွင် ဆီသယ်ယာဉ်များ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးအရေးယူမည်ဟုဆို

စာမျက်နှာ - ၂

ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

ဆောင်းပါး

စာမျက်နှာ - ၁၀